မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၀၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ၂၀၀၅ ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံနှင့် အာရှ-အာဖရိကကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် ယနေ့မွန်းတည့် ၁၂ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ပို့ဆောင်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲဆောင်ရွက် နိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း

အနာဂတ်တွင် ပေါ်ထွန်းလာမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အတွက် တည်ဆောက်ရေးဖြစ်စဉ် အဆင့်ဆင့်တွင် တိုင်းရင်းသားလုပ်ငန်းရှင်များကို အင်အားစုတစ်ရပ် ဖြစ်တည်လာစေရန် နိုင်ငံတော်က ဖွဲ့စည်းတည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧပြီလ ၆ရက်နေ့က တနင်္သာရီတိုင်းသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲက စီးပွားရေးလုပ်ငန်းရှင်များအပေါ် နိုင်ငံတော်က ထားရှိသည့်သဘောထားနှင့်စပ်လျဉ်း၍ ပြောကြားခဲ့ရာ၌–

"လုပ်ငန်းရှင်များ၏ စေတနာထားလုပ်ကိုင်မှုများသည် နိုင်ငံတော်အတွက် အရေးကြီးသည် ဖြစ်သည့်အလျောက် နိုင်ငံတော်အပိုင်းက လုပ်ငန်းရှင်များကို တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေသည့် လက်တွဲရမည့် လုပ်ဖော်ကိုင်ဖက် အင်အားစုတစ်ရပ်ဟု သဘောထားပါကြောင်း"

မိန့်ကြားသွားခဲ့သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် လုပ်ကိုင်ခွင့်များ တိုးမြှင့်ပေးခြင်း၊ အကူအညီပေးခြင်းနှင့် ဥပဒေအရ အကာအကွယ်ပေးခြင်းများကို မျက်ခြည်မပြတ်စေဘဲ လုပ်ပေးနိုင်သမျှကို အပြည့်အဝ စေတနာထား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧပြီလ ၁၈ရက်နေ့က ရခိုင်ပြည်နယ် သံတွဲမြို့ နယ်မြေခံ တပ်ရင်းခန်းမ၌ သံတွဲခရိုင်နှင့် မြို့နယ်၊ တောင်ကုတ်မြို့နယ်မှ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် လုပ်ငန်းရှင်များအား အမှာစကား ပြောကြားရာ၌–

"လုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့်ပြည်သူများအတွက် စေတနာထားလုပ်ကိုင်ကြပါမှ ဒေသလည်းဖွံ့ဖြိုးပြီး ဒေသခံပြည်သူများလည်း စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားလာကြမှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံအတွင်း အများဆုံးလုပ်ကိုင်နေသည့် လုပ်ငန်းများမှာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင်သာ အများဆုံးလုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ရပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လုပ်ကိုင်မှုနည်းပါးနေသေးသည်ကို တွေ့ရသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး အထူးသဖြင့် စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုအပိုင်းတွင် ကြိုးစားလုပ်ကိုင် ဆောင်ရွက်ကြရန် လိုပေသည်။

နိုင်ငံတော်အနေဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ မြေယာအခြေပြု စက်မှုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် အားပေးကူညီလျက်ရှိပြီး မြေယာသစ်ချဲ့ထွင်စိုက်ပျိုးသော သီးနှံများကို ပြည်ပသို့ တင်ပို့ခွင့်ပြုပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလုပ်ငန်းရှင်များအား အားပေးကူညီပံ့ပိုးပေးလျက်ရှိသည့်နည်းတူ ဒေသခံ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သူ ပြည်သူများကိုလည်း အားပေးကူညီပံ့ပိုးပေးလျက်ရှိသည်။ ဒေသခံပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို တစ်ပိုင်၊ တစ်နိုင် ကြိုးစား အားထုတ်လုပ်ကိုင်ပါက ဒေသခံပြည်သူများ၏ လုပ်ငန်းများ ပိုမိုအောင်မြင်လာမည် ဖြစ်သည်။

ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာ၌ မြေပြန့်သာမက တောင်ကုန်း၊ တောင်စွယ်များ၌လည်း ရော်ဘာကဲ့သို့ နှစ်ရှည်ပင်များ၊ သီးနှံများကို တိုင်းရင်းသားလုပ်ငန်းရှင်များသာမက ဒေသခံပြည်သူများကလည်း တစ်ပိုင်၊ တစ်နိုင် ဝင်ရောက်လုပ်ကိုင်ကြရမည် ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားပြည်သူများအားလုံး၏ တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်မှုများသည် ပဓာနကျပေရာ လုပ်ငန်းရှင်များသည် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ထူးခြားသည့် အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာချိန်တွင် တိုင်းရင်းသားလုပ်ငန်းရှင်များက ဒေသခံပြည်သူများနှင့် လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ကြပါက နိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာသက်ကြီးပူဇော် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် ထောက်ပံ့ငွေများ ပေးအပ်

ရန်ကုန် ဧပြီ ၂၁

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ၁၇ရက် နံနက်ပိုင်းက တောင်ကြီးမြို့ တိုင်းစစ်ဌာနချုပ် တပ်တွင်းခမ်းမှာရုံ၌ ကျင်းပသည်။

ထောက်ပံ့ငွေများပေးအပ်

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ တက်ရောက်လာကြသူများက သက်ကြီး အဘိုး၊ အဘွားများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းကြပြီး အဘိုး၊ အဘွားများအား ကန်တော့ကြရာ အဘိုးဦးထွန်းကြိုင်က ဆုတောင်းမေတ္တာ ပြန်လည်ပို့သသည်။

ထို့နောက် အဘိုး၊ အဘွားများအားစားသောက်ဖွယ်ရာများဖြင့် လှူဒါန်းကျွေးမွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သက်ကြီးပူဇော်ပွဲ

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် အဋ္ဌမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ကန်တော့ခံအဘိုး၊အဘွားများအားကန်တော့ကြပြီး အဘိုး၊ အဘွားများကိုယ်စား အဘိုးဦးစံဝိုင်းနှင့် အဘွား ဒေါ်အေးမေတို့က ဆုတောင်းမေတ္တာ ပြန်လည်ပို့သကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကန်တော့ခံ အဘိုး၊ အဘွား ၄၅၂ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

အဆိုပါ သက်ကြီးပူဇော်ပွဲ၌ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ်လေးသိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်၁၀သိန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးနေဝင်းထွန်းနှင့် ဒေါ်နန်းအေးအေးမြင့်မိသားစုက ငွေကျပ် ၁၀သိန်း၊ ဧဒင် အုပ်စုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်မိသားစုက ငွေကျပ် ၁၀သိန်း၊ တောင်ကြီးမြို့ပေါ်ရှိ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက ငွေကျပ် ၁၀သိန်း အပါအဝင် အလှူရှင်အသီးသီး တို့က စုစုပေါင်း ငွေကျပ်၄၈သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါ်ပုံမြို့နယ် အောင် ချမ်း သာ ရပ်ကွက် အားမာန်ကိုယ့် အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို မတ် ၃၀ ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၂-၄-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Project Preparation and Evaluation. (ဒုတိယနှစ်–ပြည်သူ့ရေးရာ)
၅း၃၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၄။	**"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း–၄၃)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"**(အပိုင်း–၃၃)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း–၁၉)

စုပေါင်းရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ကုလာသဘ အမှူးပြု၍ မြို့မိမြို့ဖများမှ ကြီးမှူးကျင်းပသည့် ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုအသင်းကြီး၏ (၃၄)ကြိမ်မြောက် ရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ်ပွဲ အလှူမင်္ဂလာ အခမ်းအနားကို ဧပြီ ၁၃ ရက်နှင့် ၁၄ ရက်များက ပြည်မြို့ အောင်မင်္ဂလာဈေးအနီး ရှင်ပြုအသင်း ဗဟိုမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဧည့်ပရိသတ်များက ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုလာသဘထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ရှင်တစ်ထောင်ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကြကာ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သာသနာ့ဘောင်သွတ်သွင်း

အဆိုပါ စုပေါင်း ရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲတွင် ရဟန်း၃၃၁ ပါးနှင့် ရှင်သာမဏေ ၄၃၈၄ ပါးနှင့် သီလရှင် ၆၅ ပါး စုစုပေါင်း အပါး ၄၇၈၀တို့ကို သာသနာ့ဘောင်အတွင်းသို့သွတ်သွင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ နှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိကထိပ်သီးညီလာခံနှင့် အာရှ-အာဖရိကကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှား သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr. Wyoso Prodjowarsito **နှင့် သံရုံးအဖွဲ့ဝင်များက နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီးဒေါ်ခင် လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်း သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E .Mr. Wyoso Prodjowarsito နှင့်သံရုံးအဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ် ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးနေဝင်းအား ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းအား ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသောပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးသက်ဝင်းအား ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသောပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဝင်းအား ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အာရှ-ဥရောပဘဏ္ဍာရေးဒုတိယဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xi'˚An မြို့တွင် ဧပြီ ၂၁ရက်မှ ၂၂ရက်အထိကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-ဥရောပ ဘဏ္ဍာရေးဒုတိယဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်း ဆွေခေါင်းဆောင်သော မြန်မာကိုယ် စားလှယ်အဖွဲ့အား မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြ သည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင် အဖြစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးနေအေးလည်း လိုက်ပါသွားကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များစီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဧပြီ ၂၁

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာ ခရီးသွားလာနိုင် စေရန်အတွက် ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စီစဉ်ဆောင်ရွက်ပေးရာတွင် အစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ သွားလာနိုင်မည့်ခရီးစဉ်များ အဖြစ် ရန်ကုန်-ကျိုက်ထီးရိုး-ရန်ကုန်(တစ်ညအိပ်နှစ်ရက်)ခရီးစဉ်နှင့် ရန်ကုန် -ပုဂံ-ပုပ္ပား-ရန်ကုန် (သုံးညအိပ် လေးရက်)ခရီးစဉ်များကို ပုံမှန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါခရီးစဉ်များအပြင် အစုအဖွဲ့လိုက်ခရီးစဉ်များဖြစ်သည့် ရန်ကုန်-မြစ်ကြီးနား(မြစ်ဆုံ)-ရန်ကုန် (နှစ်ညအိပ် သုံးရက်)ခရီးစဉ်၊ ရန်ကုန်-တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ရန်ကုန် (လေးညအိပ် ငါးရက်)ခရီးစဉ်၊ ရန်ကုန်-ကျိုင်းတုံ-တာချီလိတ်-ရန်ကုန် (လေးညအိပ် ငါးရက်)ခရီးစဉ်၊ ရန်ကုန်-စစ်တွေ-မြောက်ဦး-ရန်ကုန် (လေးညအိပ် ငါးရက်)ခရီးစဉ်၊ ရန်ကုန်-မန္တလေး-စစ်ကိုင်း-အလောင်းတော်ကဿပ-ရန်ကုန် (လေးညအိပ် ငါးရက်)ခရီးစဉ်၊ ရန်ကုန်-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရန်ကုန် (လေးညအိပ် ငါးရက်)ခရီးစဉ်၊ အပန်းဖြေခရီးစဉ်များဖြစ်သည့် ရန်ကုန်-ငွေဆောင်-ရန်ကုန်၊ ရန်ကုန်-ချောင်းသာ-ရန်ကုန်နှင့် ရန်ကုန်-ငပလီ-ရန်ကုန် စသည့်ခရီးစဉ်များအား ဆက်လက်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

အထူးခရီးစဉ်အဖြစ် ရန်ကုန်-ပဲခူး-ရန်ကုန် (တစ်ညအိပ် နှစ်ရက်)ခရီးစဉ်သစ်တစ်ခုပါ စီစဉ်ဆောင်ရွက်ပေး လျက်ရှိသည်။ အဆိုပါခရီးစဉ်မှာ ရက်တိုအားလပ်ရက်များတွင် ရန်ကုန်မြို့မှ အစုအဖွဲ့လိုက်ဖြစ်စေ၊ မိသားစုအလိုက် ဖြစ်စေ သွားရောက်နိုင်ပြီး အမျိုးသားများအတွက် ပဲခူးမြို့၌ ဂေါက်သီးရိုက်ကစားစဉ် လိုက်ပါလာသည့် မိသားစုများက ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများအားဖူးမြော်ခြင်း၊ မိုးယွင်းကြီးအင်းတွင် ငှက်မျိုးစုံကြည့်ရှုလေ့လာနိုင်ပြီး ညပိုင်း၌ ရွှေဝါထွန်းဟိုတယ်တွင် အပန်းဖြေအနားယူရင်း ဖျော်ဖြေမှုများ ခံစားနိုင်သည်။

ခရီးစဉ်များအား အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန ၇၇/၉၁ ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉၊ ၃၈၇၀၀၂ သတင်းနှင့် ပြန်ကြားရေးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂ ပြစ်မှုကာကွယ်တားဆီးရေး ညီလာခံ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပ

ဗန်ကောက် ဧပြီ ၂၀

ကမ္ဘာတစ်ဝန်းမှ ကိုယ်စားလှယ်ထောင်ပေါင်းများစွာတို့သည် ဗန်ကောက်၌ တနင်္လာနေ့က စုဝေးကြကာ ကမ္ဘာတစ်ဝန်းလုံး၌ ထိရောက်သော ပြစ်မှုဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒများ တိုးမြှင့်ရန်နှင့် ပြစ်မှုကျူးလွန်မှုကို တရားမျှတစွာ အကဲဖြတ်ရန်အတွက် ကုလသမဂ္ဂ တွေ့ဆုံဆွေးနွေးပွဲနည်းလမ်းများအတိုင်း ဆွေးနွေးခဲ့ကြသည်။

(၁၁)ကြိမ်မြောက် ကုလသမဂ္ဂပြစ်မှုကာကွယ်တားဆီးရေးညီလာခံကို တနင်္လာနေ့က ဗန်ကောက်၌ဖွင့်လှစ်ခဲ့ရာ ကိုယ်စားလှယ် ၃၀၀၀ကျော်တို့က ပြစ်မှုအသစ်များ ဦးတည်ရာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မည်ကဲ့သို့ တိုးတက်ကောင်းမွန်သည့် တရားမျှတသော နည်းလမ်းများကို ဆွေးနွေးရန် မျှော်လင့်ခဲ့ကြသည်။

လေးရက်ကြာကျင်းပမည့် ညီလာခံ၏ ခေါင်းစဉ်အကြောင်းအရာများမှာ နယ်စပ်ဖြတ်ကျော်ပြစ်မှုများ၊ အကြမ်းဖက်မှုများ၊ အကျင့်ပျက်မှုများ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပြစ်မှုများနှင့် နိုင်ငံတကာဆိုင်ရာ တရားမျှတသည့်အဆင့်ကို လေ့လာရန်တို့ပါဝင်သည်။

အဆင့်မြင့်ပိုင်းတစ်ရပ်ကို ညီလာခံ၏ နောက်ဆုံးသုံးရက်အတွင်း ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် နိုင်ငံခေါင်းဆောင်များသို့မဟုတ် ဝန်ကြီးများနှင့် အခြားအဆင့်မြင့် အစိုးရကိုယ်စားလှယ်များပါဝင်ကာ ညီလာခံ၏ အဓိကလုပ်ငန်းစဉ် ကိစ္စရပ်များကို ဆွေးနွေးပြောကြားကြမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျာမနီမှ ဂျိုးဆက်ရက်ဇင်ဂျာအား ပုပ်ရဟန်းမင်းကြီးသစ်အဖြစ်ရွေးချယ်

ရောမ ဧပြီ ၂၀

ရိုမန်ကက်သလစ်ဘုရားကျောင်း၏ ၂၆၅ဦးမြောက် ပုပ်ရဟန်းမင်းကြီးအဖြစ် ဂျာမနီမှ ဂျိုးဆက်ရက်ဇင်ဂျာအား ကြာသပတေးနေ့တွင် ရွေးချယ်လိုက်ကြောင်း ဗာတီကန်က ကြေညာသည်။

ခန့်အပ်

ရက်ဇင်ဂျာသည် ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗာရီရာဒေသ မတ်တယ်အမ်အင်း၌ ၁၉၂၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် မွေးဖွားခဲ့ကြောင်း၊ ဧပြီ ၂ ရက်က အသက် (၈၄) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်နေရာတွင် ခန့်အပ်ရွေးချယ်ရန် ထောက်ခံမှုအများဆုံး ရခဲ့သူဖြစ်ကြောင်း သိရသည်။

တိုးမြှင့်

ရက်ဇင်ဂျာသည် နှစ်ပေါင်း ၁၀၀၀နီးပါးတွင် ဂျာမနီနိုင်ငံ၏ ပထမဆုံးသော ပုပ်ရဟန်းမင်းကြီးဖြစ်လာကြောင်း၊ ၎င်းအား ၁၉၇၇ခုနှစ် ဇွန်လ၌ ဘုန်းတော်ကြီးအဖြစ် ဆဋ္ဌမမြောက် ပုပ်ရဟန်းမင်းကြီးက အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ရွေးချယ်

အဆိုပါ ပုပ်ရဟန်းမင်းကြီးအသစ်ကို တနင်္လာနေ့ကစပြီး ဘုန်းတော်ကြီး၁၁၅ဦးက ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့အကြီးဆုံး စာအုပ်အရောင်းဆိုင် ကွာလာလမ်ပူတွင် ဖွင့်လှစ်

ကွာလာလမ်ပူ ဧပြီ ၂၀

မီချီဂန်၌ အခြေစိုက်သည့် ဘော်ဒါအမည်ရှိ စာအုပ်မျိုးစုံ အရောင်းဆိုင်ကြီးသည် ယင်း၏ကမ္ဘာ့အကြီးမားဆုံး စာအုပ်မျိုးစုံဆိုင်ကြီးကို မလေးရှားနိုင်ငံတွင် အင်္ဂါနေ့က ဖွင့်လှစ်သည်။

မလေးရှားနိုင်ငံ၌ လူမျိုးစုံနှင့် ကွဲပြားသော ယဉ်ကျေးမှုများရှိခြင်းကြောင့် မလေးရှားနိုင်ငံ၌ စာအုပ်မျိုးစုံဆိုင်ကြီးဖွင့်ရန် ရွေးချယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကွာလာလမ်ပူမြို့၏ ဘာဂျာယာတိုင်းမ်စကွဲယား၌ ဖွင့်လှစ်လိုက်သော စာအုပ်မျိုးစုံဆိုင်ကြီးသည် စတုရန်းပေ ၆၀၀၀၀ရှိပြီး အင်္ဂလိပ်၊ တရုတ်နှင့် မလေးရှားဘာသာဖြင့် ထုတ်ဝေသော စာအုပ်၊ ရုပ်ရှင်နှင့် သီချင်းခေါင်းစဉ် ၂၀၀၀၀၀ကျော်ရှိသည့် စာအုပ်ဆိုင်တန်းများကို ဖွင့်လှစ်ထားသည်။

ယင်းစာအုပ်မျိုးစုံဆိုင်ကြီးကို ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီ၏ဇနီး အန်ဒွန်မာမွတ်က ဖွင့်လှစ်ပေးခဲ့သည်။

မလေးရှားနိုင်ငံ၌ အဆိုပါစာအုပ်မျိုးစုံဆိုင်ကြီးကို မဖွင့်မီ ဘော်ဒါစာအုပ်မျိုးစုံဆိုင်ကြီး၏ အကြီးဆုံးစာအုပ်ဆိုင်များကို ၂၀၀၁ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ဖွင့်လှစ်ခဲ့ရာ စာအုပ်ဆိုင်အသီးသီးသည် စတုရန်းပေ ၅၀၀၀၀အသီးသီးရှိသည်။ **(အင်တာနက်)**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဈေးအဆောက်အအုံတစ်ခု၌ ဖွင့်လှစ်ရောင်းချနေသည့် ကမ္ဘာ့အကြီးမားဆုံး စာအုပ်အရောင်းဆိုင်ကြီးတွင် ဈေးဝယ်သူများက စာအုပ်များ လေ့လာကြည့်ရှုနေကြသည်ကို ဧပြီ ၁၉ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှုနှိမ်နင်းရေးအတွက် သတင်းများ ဖလှယ်ရန် ဖိလစ်ပိုင်နှင့် ပါကစ္စတန်တို့သဘောတူညီ

မနီလာ ဧပြီ ၂၀

အကြမ်းဖက်မှု နှိမ်နင်းရေးအတွက် ထောက်လှမ်းရေးသတင်းများဖလှယ်ရာတွင် ပိုမိုပူးပေါင်းဆောင်ရွက် သွားကြရန် ဖိလစ်ပိုင်နှင့် ပါကစ္စတန်ခေါင်းဆောင်များ အင်္ဂါနေ့က သဘောတူညီလိုက်ကြသည်။

တိုးမြှင့်

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာ မာဂါပါဂါလ်အာရိုယိုသည် တနင်္လာနေ့မှစတင်ကာ ဖိလစ်ပိုင်နိုင်ငံ၌ သုံးရက်ကြာလည်ပတ်ရန် ရောက်ရှိခဲ့သော ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်နှင့် ဆွေးနွေးအပြီးတွင် အကြမ်းဖက်မှုကို နှိမ်နင်းရန်အတွက် ၎င်းတို့၏စွမ်းရည်ကို တိုးမြှင့်ရန် သဘောတူချက် ရရှိကြကြောင်း ပြောကြားသည်။

ပထမဆုံး

ပါကစ္စတန်သမ္မတ၏ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်သည့် အလည်အပတ်ခရီးသည် ပထမဆုံးခရီး ဖြစ်သည်။ ပါကစ္စတန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၁၉၄၉ခုနှစ်၌ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစပြီး ပါကစ္စတန်နိုင်ငံ၏ ခေါင်းဆောင်တစ်ဦးက ဖိလစ်ပိုင်သို့ ပထမဆုံး လာရောက်ခြင်း ဖြစ်သည်။

ပြောကြား

ပါကစ္စတန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ အကြမ်းဖက်မှုတန်ပြန်ရေး ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံရေးဆက်ဆံမှုများကို မြှင့်တင်ရန် အဆင့်မြင့် ညှိနှိုင်းဆောင်ရွက်မှု လွယ်ကူအဆင်ပြေရန်အတွက် နှစ်နိုင်ငံစလုံး အခွင့်အလမ်းတစ်ရပ် ရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘတ်တိုရိုမြူလိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ယခုသီတင်းပတ်အတွင်း ဗုံးပေါက်ကွဲမှုများဖြစ်ပွားလျက်ရှိရာ ဗုဒ္ဓဟူးနေ့က ကားဗုံးဖောက်ခွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့ရှိ အမီရီယာအရပ်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်ကလေးငယ် တစ်ဦးအပါအဝင် အီရတ်နှစ်ဦးသေဆုံးခဲ့ရပြီး

အခြား အီရတ်ငါးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ပစ်မှတ်ထား

အခြားကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုမှာ ဒိုရာအရပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဖောက်ခွဲတိုက်ခိုက်မှုမှာ ထိုအရပ်ရှိ အီရတ်ရဲတပ်ဖွဲ့စခန်းကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်သည်။

ပျက်စီး

ပထမဗုံးပေါက်ကွဲမှုမှာ ဘီလက်အယ်ဆူဟာဒါရဲစခန်းအနီးဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းကားဗုံးပေါက်ကွဲမှုကြောင့် ရဲစခန်းအဆောက်အအုံပျက်စီးမှုဖြစ်ခဲ့ရပြီး ရဲတပ်ဖွဲ့ မော်တော်ယာဉ် ၁၅စီးလည်း ပျက်စီးခဲ့ရသည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တတိယကားဗုံး ဖောက်ခွဲတိုက်ခိုက်မှုမှာ ကင်းလှည့်နေသော အီရတ်ရဲတပ်ဖွဲ့ မော်တော်ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး အနီးရှိ အီရတ်ရဲတပ်ဖွဲ့ မော်တော်ယာဉ်နှစ်စီး ပျက်စီးခဲ့ပြီး အီရတ်ပြည်သူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

လုံခြုံရေးကင်းလှည့်

ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရပြီးနောက် အမေရိကန်စစ်ယာဉ် တစ်စီး လုံခြုံရေးကင်းလှည့်နေသည်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင် လေးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံတွင် ယခုသီတင်းပတ် အင်္ဂါနေ့က ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးပါရှိသော ကင်းလှည့်မော်တော်ယာဉ်အနီး လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းတပ်ဖွဲ့ဝင်များမှာ အမေရိကန်နိုင်ငံ မစ္စစ္စပီအမျိုးသား အစောင့်တပ်ဖွဲ့မှဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီလက အီရတ်တွင် တပ်ဖြန့်ချထားသော တပ်မဟာ ၁၅၅မှ ဖြစ်ကြောင်း သိရသည်။

ထိုတပ်မှတပ်ဖွဲ့ဝင်များသည် ယခုအချိန်အထိ အီရတ်တွင် ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရပြီး အခြားတပ်ဖွဲ့ဝင် သုံးဦးမှာ မော်တော်ယာဉ် မတော်တဆဖြစ်မှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဆူနာမီသတိပေးစနစ်များ ထူထောင်ရန် အိန္ဒိယသမုဒ္ဒရာနိုင်ငံများအား တိုက်တွန်း

နယူးယောက် ဧပြီ ၂၀

အခြားဆူနာမီအမှန်တကယ်ဖြစ်ပေါ်နိုင်မှုကို သတိပေးလိုကြောင်း၊ လာမည့် ၁၄ လအတွင်း သတိပေးစနစ်များ တပ်ဆင်ထူထောင်သွားရန်ဖြစ်ကြောင်း ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အိန္ဒိယသမုဒ္ဒရာနိုင်ငံများသို့ တိုက်တွန်းပြောကြားလိုက်သည်။

ပြောကြား

သတိပေးစနစ်တစ်ရပ်သည် ဒီဇင်ဘာလအတွင်း ဆူနာမီဖြစ်ပေါ်ချိန် လူ့အသက်ထောင်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ကြောင်း ယူနက်စကို ညွှန်ကြားရေးမှူးချုပ် ကိုချီရိုမတ်ဆုရာက ပြောကြားသည်။

မတ်လက အင်ဒိုနီးရှားတွင်လှုပ်ခဲ့သောငလျင်သည် ဆူနာမီမဖြစ်သော်လည်း အလားအလာရှိသည်ကိုရည်ညွှန်း၍ ၎င်းက ပြောကြားခြင်းဖြစ်သည်။ မတ်ဆုရာက အိန္ဒိယသမုဒ္ဒရာဆူနာမီသတိပေးမှု ဖွံ့ဖြိုးရေး ဒုတိယအကြိမ် နိုင်ငံ တကာညှိနှိုင်းရေးအစည်းအဝေး၌အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ပီတီအိုင်**



ထိုင်းနှင့်နယူးဇီလန်နိုင်ငံ ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုမည်

ဗန်ကောက် ဧပြီ ၂၀

နယူးဇီလန်ဝန်ကြီးချုပ်ဟယ်လင်ကလပ်သည် ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်လည်ပတ်မှုကို ကြာသပတေးနေ့က စတင်ခဲ့သည်။

နယူးဇီလန်ဝန်ကြီးချုပ်နှင့် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တို့သည် ဧပြီ ၁၉ ရက်မှ ၂၀ ရက်အထိ နယူးဇီလန်ဝန်ကြီးချုပ် ထိုင်းသို့ လာရောက်စဉ်အတွင်း လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်နိုင်ငံသည် အခြားသော သဘောတူညီချက်များကိုလည်း သဘောတူလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်များတွင် အလုပ်နှင့်ခရီးသွားဗီဇာစာချုပ်ကိစ္စများ၊ အလုပ်သမားနှင့် ပတ်ဝန်းကျင်ကိစ္စရပ်များ ပါဝင်သည်။

နယူးဇီလန် ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အခြား ထိုင်းဝန်ကြီးအဖွဲ့နှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၅ခုနှစ်၌ လေကြောင်းပျံသန်းမှုလုပ်ငန်း နောက်ထပ်အရှုံးပေါ်မည်ဟု အိုင်အေတီအေခန့်မှန်းပြောကြား

မကာအို ဧပြီ ၂၀

၂၀၀၅ခုနှစ်သည် လေကြောင်းပျံသန်းမှုဆိုင်ရာ လုပ်ငန်းအတွက် နောက်ထပ်အရှုံးပေါ်သည့်နှစ်ဖြစ်မည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ၅ဒသမ၅ဘီလီယံမျှ ရှုံးမည်ဖြစ်ကြောင်း နိုင်ငံတကာဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအသင်း(အိုင်အေတီအေ) ညွှန်ကြားရေးမှူးချုပ် ဂျီယိုဗန်နီဘီဆစ်နာနီက တနင်္လာနေ့၌ မကာအိုတွင် ခန့်မှန်းပြောကြားလိုက်သည်။

ပြောကြား

ပစိဖိတ်-အာရှခရီးသွားအသင်း(ပီအေတီအေ)၏(၅၄)နှစ်မြောက်နှစ်ပတ်လည်ညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် ဘီဆစ်နာနီက ကမ္ဘာလုံးဆိုင်ရာလေကြောင်းပို့ဆောင်ရေးသည် ခါတိုင်းထက် ပိုအကျပ်တွေ့လာကြောင်း ပြောကြားသည်။

စိန်ခေါ်နေ

ရေနံဈေးနှုန်း မြင့်တက်ခြင်းသည် လေယာဉ်ကုမ္ပဏီများအားလုံးကို စိန်ခေါ်နေကြောင်း၊ ၂၀၀၅ခုနှစ်၌ ပျမ်းမျှရေနံဈေးနှုန်းသည် တစ်စည်လျှင် ၄၃ဒေါ်လာဖြစ်လျှင် လေကြောင်း ပျံသန်းမှုလုပ်ငန်း၏ လောင်စာဆီ ကုန်ကျစရိတ်စာရင်းသည် ဒေါ်လာ ၇၆ ဘီလီယံထိရှိမည်ဟု ဘီဆစ်နာနီက ပြောကြားသည်။ ထိုဈေးနှုန်းဖြင့်ဆိုလျှင် ၂၀၀၅ခုနှစ်၌ ဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၅ဒသမ၅ ဘီလီယံဖြစ်မည်ဟု ဆိုသည်။

လျော့ကျ

လေကြောင်းလိုင်းများက ခရီးသည်များ၏ မျှော်လင့်ချက်ဖြစ်သော အဖိုးနှုန်းချိုသာသည့် ခရီးသွားလာမှုကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းခဲ့သည့် လွန်ခဲ့သည့်ငါးနှစ်အတွင်း၌ ကမ္ဘာလုံးဆိုင်ရာလေကြောင်းလိုင်းများ၏ ဝင်ငွေရရှိမှုသည် ၁၀ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖမ်းယူ

ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်းတွင် ရစ်ချ်တာစကေး ၅ဒသမ၇ရှိသော ငလျင်လှုပ်သွားခဲ့ရာ ဂျပန်မိုးလေဝသနှင့်ဇလဗေဒဌာနမှ ငလျင်ဖမ်းစက်ဖြင့် ဖမ်းယူရရှိမှုကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆန့်ကျင်ဆန္ဒပြ

အီရတ်နိုင်ငံအား အမေရိကန်တပ်ဖွဲ့ဝင်များ ဦးဆောင်ကာ စစ်ပွဲဆင်နွှဲခဲ့မှုကြောင့် ဖော်လူဂျာမြို့ရှိ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသော အီရတ်မိသားစုများက အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်တည်ရှိနေမှုအား ဆန့်ကျင်ဆန္ဒပြနေကြသည်ကို ဧပြီ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆင်းရဲသောနိုင်ငံများ ဆင်းရဲနွမ်းပါးမှုလျော့စေရန် စိုက်ပျိုးရေးအမတော်ကြေးများ လျှော့ချခြင်းသည်အဓိကဖြစ်

ဝါရှင်တန် ဧပြီ ၂၀

ဆင်းရဲသောနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျော့ရေးအတွက် အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေး အမတော်ကြေးများကို လျှော့ချခြင်းသည် အဓိကအချက်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က တနင်္လာနေ့၌ ပြောကြားလိုက်ပြီး စိုက်ပျိုးရေးအကာအကွယ်ပေးမှု လျှော့ချဖြတ်တောက်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများကို တောင်းဆိုလိုက်သည်။

ကမ္ဘာ့ဘဏ်က နောက်ဆုံးထုတ်ပြန်သော ၂၀၀၅ ကမ္ဘာ့ဖွံ့ဖြိုးမှု အညွှန်းကိန်းများ(ဒဗလျူဒီအိုင်)အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုန်သွယ်မှုသည် ၂၀၀၃ ခုနှစ်၌၁၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှု ၆ ဒသမ ၃ ရာခိုင်နှုန်း၏ နှစ်ဆနီးပါးဖြစ်ကြောင်း သိရသည်။

တိုးချဲ့

တရုတ်နိုင်ငံသည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ကုန်သွယ်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်အတွင်းသို့ ဆက်လက်တိုးချဲ့ကာ ထိုးဖောက်ဝင်ရောက်နေကြောင်း တရုတ်တစ်နိုင်ငံတည်းက ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှု၏ ၅ ရာခိုင်နှုန်းနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံ ကုန်သွယ်မှု၏ ၂၀ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဒဗလျူဒီအိုင်က ပြောကြားသည်။

ဖွံ့ဖြိုးဆဲကမ္ဘာ၏ ဆင်းရဲနွမ်းပါးသူ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက် ဒေသများ၌ နေထိုင်ကြကြောင်း၊ ချမ်းသာသောနိုင်ငံများတွင် စိုက်ပျိုးရေး ကာကွယ်မှုကို လျှော့ချခြင်းသည် ဆင်းရဲနွမ်းပါးမှု လျော့ရေးတွင် အထောက်အကူဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရှိ တောင်သူလယ်သမားများသည် ကုန်သွယ်မှုမှ ဝင်ငွေများ ရရှိကြမည် ဖြစ်ကြောင်းလည်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာတိတ်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆု ကုလသမဂ္ဂက ရှီလာဝတ်ကလောတီရာအား ဆုချီးမြှင့်မည်

အော့တာဝါ ဧပြီ ၂၀

အာတိတ်ဒေသပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတကာဆိုင်ရာအက်စကီးမိုးလူမျိုးအဖွဲ့အစည်းတစ်ခု၏ ကနေဒါလူမျိုးအကြီးအကဲတစ်ဦးအား ကုလသမဂ္ဂက ဆုချီးမြှင့်မည်ဖြစ်ကြောင်း အော့တာဝါမြို့၌ အင်္ဂါနေ့က ထုတ်ပြန်သောသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အက်စကီးမိုးလူမျိုးများဆိုင်ရာ ကွန်ဖရင့်၏ အကြီးအကဲဖြစ်သူ အမျိုးသမီးကြီး ရှီလာဝတ်ကလောတီရာကို အဆိုပါဆုရွေးချယ်အပ်နှင်းရန် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်းအနေဖြင့် အမည်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိအက်စကီးမိုးလူမျိုးတစ်သိန်းခွဲခန့်ကလည်း ရှီလာဝတ်ကလောတီရာ၏ အာတိတ်ဒေသပတ်ဝန်းကျင်ကာကွယ်ရေး ထိန်းသိမ်းမှုနှင့်ပတ်သက်၍ သူမလုပ်ဆောင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ဆုရွေးချယ်ပေးရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။ ရှီလာဝတ်ကလောတီရာသည် ကမ္ဘာ့မြောက်ခြမ်းတွင် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ အကျိုးသက်ရောက်မှုများတွင် တက်ကြွစွာ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖရိကခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးပြီးစီး

ရှန်အယ်ရှိတ်(အီဂျစ်) ဧပြီ ၂၀

အာဖရိကဖွံ့ဖြိုးတိုးတက်မှုအတွက် မိတ်ဖက်သစ်များ၏ (၁၃)ကြိမ်မြောက် အာဖရိကခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို အီဂျစ်နိုင်ငံ ရှန်အယ်ရှိတ်မြို့တွင် အင်္ဂါနေ့က ကျင်းပပြီးဆုံးသွားခဲ့သည်။

အစည်းအဝေးတွင် အာဖရိကခေါင်းဆောင်များအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး ပူးပေါင်းလုပ်ဆောင်သွားရန်လည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးကျင်းပသည့် သုံးနာရီကြာအချိန်ကာလအတွင်း အဖွဲ့ဝင်များအနေဖြင့် လယ်ယာစိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဆိုင်ရာနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများအပြင် နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများနှင့် အာဖရိကနိုင်ငံများ၏ ဆက်ဆံရေးကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

အဆိုပါအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အီဂျစ်သမ္မတမူဘာရက်က အစည်းအဝေးတွင် နိုင်ငံတကာနှင့် ဒေသတွင်းစိန်ခေါ်မှုများနှင့် အခြားကိစ္စရပ်များအပေါ် အပြန်အလှန်ပွင့်လင်းစွာ ဆွေးနွေးပြောဆိုခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က အဆိုပါ ထိပ်သီးအစည်းအဝေးကို အယ်ဂျီးရီးယားနိုင်ငံတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတော်အကြီးအကဲသည်နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအထူးအလေးထား အစိုးရ၊ပြည်သူနှင့်တပ်မတော်ပူးပေါင်းဆောင်ရွက်ပါကအဘက်ဘက်မှတိုးတက်လာမည် ဝန်ထမ်းများ ဒေသဖွံ့ဖြိုးရေးကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးစားလုပ်ဆောင်

ရန်ကုန် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဧပြီ ၂၀ရက်တွင် ဟဲဟိုးမြို့မှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ်သို့ မွန်းလွဲ ၂နာရီခွဲတွင် ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပါလျှိုး၊ ကျိုင်းလပ်ဒေသအတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများ၊ မဲခေါင်မြစ်ကြောင်း တစ်လျှောက်နှင့် တာလေ-ပါလျှိုး-ကျိုင်းလပ်ကားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ညနေပိုင်းတွင် ကျိုင်းလပ်မြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကံညွန့်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ကျိုင်းလပ်မြို့ ရှင်းလင်းဆောင်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ ရှေးဦးစွာ ကျိုင်းလပ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးငွေက ကျိုင်းလပ်မြို့နယ်၏ အကျယ်အဝန်း၊ အိမ်ခြေ၊ လူဦးရေ၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးက မြို့အကွက်ချပုံစံနှင့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ကျိုင်းလပ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက တာလေ-ပါလျှိုး-ကျိုင်းလပ် ကားလမ်းအပိုင်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲများအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းဆောင်ရွက်မှသာ အဘက်ဘက်မှ တိုးတက်လာမှာဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် စိတ်ကောင်းစေတနာကောင်းထားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အတူလက်တွဲပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သွေးထိုးလှုံ့ဆော်သည့် အဖျက်သမားများ၏ အန္တရာယ်ကိုလည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းတွန်းလှန်တိုက်ဖျက်သွားကြရမှာဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ကျိုင်းလပ်မြို့ ချဉ်းကပ်လမ်းနှင့်မြို့တွင်းလမ်းကတ္တရာခင်းကျင်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့်မြို့ပေါ် ရပ်ကွက်များ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျိုင်းလပ်မြို့မှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၅နာရီခွဲတွင် ကျိုင်းတုံ မြို့သို့ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ကျင်းပမည့် အာရှ-အာဖရိက ကွန်ဖရင့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်သူများနှင့် တွေ့ရစဉ်။

(ကုန်သည်/စက်မှု)

ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့သို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ဧပြီ ၂၁ ရက်မှ ၂၂ရက် အထိ ကျင်းပမည့် အာရှ-အာဖရိက ကွန်ဖရင့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားပြပွဲသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်၍ အဖွဲ့ဝင် ၁၀ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းတင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင် နှုတ်ဆက်ကြသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဧပြီ ၂၁ရက်၊ ၂၂ရက်တို့တွင် ကျင်းပမည့် East Asia Sub-Regional Unleashing Entrepreneurship-Making Business Work for the Poor ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝေဖြိုးတို့သည်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ Cebu မြို့၌ ကျင်းပမည့် 11th Meeting of AMEICC HRD-WG သို့တက်ရောက်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်တို့သည် ဧပြီ ၂၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင် ရောင်တော်ဖွင့်အသင်း အထူးတရားပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ဗိုလ်တထောင် ရောင်တော်ဖွင့်အသင်း၏ (၅၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဗိုလ်တထောင် ရောင်တော်ဖွင့်အသင်းက ကြီးမှူး၍ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၅ရက် (တနင်္လာနေ့)တွင် အရှင်အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန် ဆရာတော်)၊ဧပြီ ၂၆ ရက်(အင်္ဂါနေ့)တွင် အရှင်ဉာဏိဿရ(သီတဂူဆရာတော်) နှင့် ဧပြီ ၂၇ ရက်(ဗုဒ္ဓဟူးနေ့)တွင် အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်) အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှ စတင်၍ ဓမ္မတရားတော်များဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတမြို့ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့် ဓမ္မကထိက အောင်စကြာအရှင်စန္ဒာသိရီ(ဓမ္မာစရိယ) အရှင်သူမြတ်သည် ဧပြီ ၂၇ ရက်မှ မေ၁ရက်အထိ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဟောကြားမည်ဖြစ်ရာ ညစဉ် ၇နာရီတွင် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

သြစတြေးလျနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သြစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာပေါလ်ဂျွန်ဂရစ်ဆန်၏နေရာတွင် မစ္စတာရောဘတ်ဂျိုးဇက်(ဖ်) ဒေးဗစ်(စ်)အား ခန့်အပ်ရန် သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စတာရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)သည် ၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး နယူးဆောက်ဝေးလ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။ ၎င်းသည် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများရှိ သြစတြေးလျသံရုံးများနှင့် သြစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာဒေးဗစ်(စ်)သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဆော်လမွန်နိုင်ငံဆိုင်ရာ သြစတြေးလျမဟာမင်းကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် သြစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းဆိုင်ရာ စာရွက်စာတမ်းစုဆောင်းရေး ဌာန၌ လက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးသုံးယောက်ရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၁၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၉၈၂)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ မြို့နယ်ကျန်းမာရေးလုပ်ငန်းများ ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၂၁

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်းတို့ လိုက်ပါလျက် မေ ၁၈ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ မြို့နယ်ကျန်းမာရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံနှင့် ခုတင်(၂၀၀) ဆံ့ဆေးရုံများသို့ သွားရောက်၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကြို့ပင်ကောက်မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျေးရွာကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက နိုင်ငံတော်အနေဖြင့် တီဘီရောဂါကုသဆေးများ၊ မြွေဆိပ်ဖြေဆေးများ အခမဲ့ပံ့ပိုးခွဲဝေချထားမှုကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်းက မိခင်နှင့်ကလေး စောင့်ရှောက်မှုလုပ်ငန်းအတွက် ကျွမ်းကျင်သော အရန်သားဖွားဆရာမများ လေ့ကျင့်မွေးထုတ်ပေးမှုကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဒုတိယဝန်ကြီးဒေါက်တာမြဦးက မြို့နယ်ကျန်းမာရေးကော်မတီအနေဖြင့် မိမိတို့မြို့နယ်ရှိ ပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးရင်းနီးမြှုပ်နှံမှုထားရှိကာ အခြေခံကျန်းမာရေး အတွက် အဓိကအရေးကြီးသည့် သောက်သုံးရေရရှိရေး၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေး၊ လက်ကိုသန့်ရှင်း အောင်ဆေးကြောသည့် အလေ့အကျင့်ရရှိအောင် ဆောင်ရွက်ရန် အဓိကကျကြောင်း၊ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် အရေးကြီးသည့် ခြင်ထောင်ဖြင့် အိပ်သော အလေ့အကျင့်ရရှိစေရန် ပြည်သူများ၏ အင်အားကို ရယူကာ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျေးရွာကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်က မြို့နယ်အတွင်း ရေရရှိရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုနှင့် ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိမှုကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်ပေးမှု လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အန္တရာယ်ကင်းစွာမွေးဖွားနိုင်

ထို့နောက် ဒုတိယဝန်ကြီးက မြို့နယ်အတွင်း ဆင်းရဲမှုဘဝကျဉ်းမြောင်းစေရေးအတွက် အဓိကအရေးထားရမည့် မိခင်နှင့်ကလေး သေဆုံးမှုမရှိစေရန် အိမ်တွင်းမီးခိုးများအန္တရာယ်ကြောင့် ကလေးများ၏ အသက်ရှူလမ်းကြောင်း၌ ဖြစ်ပွားသောရောဂါများ၊ ကိုယ်ဝန်ဆောင်မိခင်များမှ ဉာဏ်ရည်မမီသောကလေးများ မွေးဖွားမှုများကို သတိထားရှောင်ကြဉ်ရန်၊ ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရန် ကျွမ်းကျင်သည့် သားဖွားဆရာမ၊ ဆရာဝန်များနှင့် ပိုးသန့်စင်သော ပစ္စည်းအသုံးပြု၍ ပိုးသန့်စင်သည့် နေရာဖြစ်သည့် ကျန်းမာရေးဌာနဆေးခန်းများ၌ မွေးဖွားရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညနေ ၄ နာရီတွင် နတ်တလင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ များမှ ဥက္ကဋ္ဌများ၊ အသင်းဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြို့နယ်ကျန်းမာရေးကော်မတီအနေဖြင့် မိမိတို့ဒေသကျေးလက်နေ ၆၀ ရာခိုင်နှုန်းသော မိခင်နှင့် ကလေး ကျန်းမာရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များကို ကျွမ်းကျင်သော သားဖွားဆရာမများနှင့် ပြသမွေးဖွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် မြို့နယ် ကျန်းမာရေးကော်မတီဝင်များသည် နတ်တလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ လူနာကုသဆောင်များ၊ ဆေးပစ္စည်းသိုလှောင်ခန်း၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ညနေ ၅နာရီတွင် မြို့နယ်ကျန်းမာရေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက မြို့နယ်ကျန်းမာရေးကော်မတီအနေဖြင့် ဆေးရုံသို့လာသည့် လူနာများ၏ ပတ်ဝန်းကျင် သန့်ရှင်းရေးတွင် အဓိကလိုအပ်သည့် အိမ်၊ ကျောင်း၊ ဈေး၊ လုပ်ငန်းခွင် သန့်ရှင်းရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုကြောင့် ဆင်းရဲမှုနက်ရှိုင်းစေသည့်အတွက် ကျန်းမာသောမိသားစု၊ ကျန်းမာသောမြို့ရွာ တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့နယ်ကျန်းမာရေးကော်မတီဝင်များနှင့်အတူ ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဓာတ်မှန်ဌာန၊ ဆေးပစ္စည်းသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သွားဘက်ဆိုင်ရာဌာန၊ တီဘီရောဂါကုဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို တာဝန်ရှိသူများအား ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၂၁ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီး၏ မွေးနေ့ပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Ms. Vicky Bowman က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သိင်္ဂြာထပ်၊ ရဟန်းခံ၊ ရှင်အပါး ၁၀၀ ရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်-ဒေါ်မြမြသီ မိသားစု၊ ဒေါ်မြရင်(မြသီရိဆေးတိုက်၊ ရန်ကုန်) မိသားစု၊ အဂ္ဂမဟာသီရိ သုဓမ္မဇောတိဓဇ ဦးစိန်လှဝင်း-ဒေါ်ဖြူဖြူခင်(စိန်နှင့် စန်းကုမ္ပဏီ၊ ရန်ကုန်) မိသားစုတို့၏ သိင်္ဂြာထပ်၊ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဧရာဝတီတိုင်း ဇလွန်မြို့နယ် ဒေါင်းကုန်းကျေးရွာ ဒေါ်တင်လှ၏ အလှူမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မတ် ၂၆ ရက် ညနေတွင် မောင်ရှင်လောင်း အပါး ၁၀၀ တို့အား ဒေါင်းကုန်း၊ ဒေါ်ခြုံကုန်း၊ ကျွန်းကြီးကျေးရွာ သုံးရွာအတွင်း လှည့်လည်ပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက နိုင်ငံကျော် စိန်စတင်း မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ မောင်ရှင်လောင်းများအား မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ အဘိသိက်သွန်းပေးသည်။

မတ် ၂၇ရက် နံနက်တွင် ပတ်ဝန်းကျင်ကျေးရွာများမှ မောင်ရှင်လောင်းများအား အလှူမင်္ဂလာမဏ္ဍပ်သို့ ပို့ဆောင်ခြင်း၊ ရဟန်းလောင်းခြောက်ပါး သိမ်ဝင်၍ သိမ်ဆင်းလောင်းလှူခြင်း၊ နေ့လယ်ပိုင်းတွင် ပရိတ်တရားတော်နာယူခြင်း၊ အဂ္ဂမဟာသီရိသုဓမ္မဇောတိဓဇရေဘွဲ့ရ ဦးစိန်လှဝင်းအား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ အဘိုးအဘွား ၄၀ တို့အား ဝတ်စုံများဖြင့် ကန်တော့ခြင်း၊ ကြွရောက်တော်မူလာကြကုန်သော သံဃာတော် ၅၆ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းခြင်းတို့ ပြုလုပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(က-ပ)**

ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများက အပြစ်မဲ့ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ဓားပြတိုက်လုယက်၊ ပစ်ခတ်သတ်ဖြတ်မှု ထားဝယ်-ရေးလမ်းပိုင်း၌ဖြစ်ပွား

ရန်ကုန် မေ ၂၁

ယနေ့နံနက် ၅ နာရီ ၁၅မိနစ်ခန့်တွင် ထားဝယ်မှ ရန်ကုန်သို့သွားရောက်မည့် ကုန်တင်ယာဉ်နှစ်စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၁၂စီး စုစုပေါင်း မော်တော်ယာဉ် ၁၄စီးသည် ထားဝယ်-ရေးလမ်းပိုင်း မိုင်တိုင်အမှတ်(၃၃/၂) အရောက်တွင် ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူတစ်ဖွဲ့က ဓားပြတိုက်လုယက်မှုဖြစ်ပွားခဲ့သည်။

နံနက် ၅နာရီခွဲခန့်တွင် အဆိုပါ ဓားပြတိုက်လုယက်မှု ဖြစ်ပွားသည့် နေရာသို့ တောင်ကြီးနှင့် ပင်းတယမြို့များသို့ လေ့လာရေးခရီးသွားရောက်ကြမည့် ထားဝယ်တက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဦးမျိုးသန့် ဦးဆောင်သော ဆရာ ဆရာမငါးဦး၊ ကျောင်းသား ကျောင်းသူ ၈၇ဦးတို့ ပါဝင်သည့် လေ့လာရေးအဖွဲ့ဝင်များ လိုက်ပါလာသည့် မှန်လုံယာဉ်နှစ်စီး ရောက်ရှိစဉ် ယာဉ်ပေါ်တွင် လုံခြုံရေးအဖြစ်လိုက်ပါလာသည့် ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် အကြမ်းဖက်သောင်းကျန်းသူများ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများသည် နံနက် ၅နာရီ ၄၅ မိနစ်ခန့်တွင် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ယင်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ထားဝယ်တက္ကသိုလ်မှ ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦး၊ ယာဉ်နောက်လိုက် တစ်ဦး စုစုပေါင်းရှစ်ဦး လက်နက်ငယ်ထိမှန်သေဆုံး၍ ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ခရီးသည်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၃၀ခန့်နှင့် လက်ဝတ်ရတနာပစ္စည်းတချို့ကို သောင်းကျန်းသူများက ဓားပြတိုက်လုယက်ယူဆောင်သွားကြောင်း သိရသည်။

အဆိုပါဖြစ်ပွားမှု သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် လုံခြုံရေးတပ်ခွဲများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဖြစ်စဉ်နေရာသို့သွားရောက်၍ ဒဏ်ရာရခရီးသည်များနှင့် ကျန်ခရီးသည်များအား လိုအပ်သောပံ့ပိုးကူညီစောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးပြီး ဆုတ်ခွာထွက်ပြေးသွားသော ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်း ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီလားပီးယားငါးဈေးပွဲတော်

နေ့ရက် - ၂၀-၄-၂၀၀၅ မှ ၁-၅-၂၀၀၅အထိ (နှစ်ရက်)
အချိန် - ၁၅း၃၀နာရီမှ ၂၀း၀၀နာရီအထိ
နေရာ - ငါးလုပ်ငန်းအဖွဲ့ချုပ်
ဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
ရောင်းချမည့်ဆိုင်များ - တီလားပီးယားငါးအကင်ဆိုင် နှစ်ဆိုင်
တရုတ်နည်းဖြင့်ချက်ပြုတ်မည့်ဆိုင် သုံးဆိုင်၊
မြန်မာရိုးရာထမင်းဆိုင် နှစ်ဆိုင်
အိန္ဒိယနည်းဖြင့်ချက်ပြုတ်မည့် ဆိုင် နှစ်ဆိုင်၊
ငါးခေါက်ဆွဲနှင့် ငါးကြေးအိုးဆိုင် သုံးဆိုင်၊
မုန့်ဟင်းခါးဆိုင် နှစ်ဆိုင်၊
တီလားပီးယား ငါးအသားလွှာ၊ ငါးအူချောင်း၊
ငါးဆုပ်လုံးများကိုလည်း အသင့်ချက်ပြုတ်စားသုံးနိုင်ရန်
ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချသွားပါမည်။





ငါးဈေးပွဲတော်သို့ဝင်ကြေးမရှိ လာရောက်ဆင်နွှဲနိုင်ပါသည်။



မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ပါဝင်သည့် ပြည်နယ်နှင့်တိုင်းစသည့် နိုင်ငံတော်၏
ပြည်ပြေးစစ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ လုပ်ရပ်များသည် ပြည်ထောင်စုပြိုကွဲရေး တို
ပြည်သူများလိုလားတောင့်တနေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအသွင်ကူးပြော

ကျောဖုံးမှ

တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့တွင် အမေရိကန်အသံ(VOA)မှ ပြည်ပြေးစစ်ခမ်ဖ ဦးစီး(၅)ဦး၏ အမည်ပါဝင်သော လွတ်လပ်သောရှမ်းပြည်အစိုးရအဖွဲ့ကို သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးများဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းကြောင်း ဗန်ကောက်အခြေစိုက် အဆိုပါ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာခဲ့ပါသည်။

၂။ ထိုကဲ့သို့ ကြေညာခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်ပြီး၊ ပြည်ထောင်စုကြီးပြိုကွဲပျက်စီးရေးကို ဦးတည်ဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိပါးစေမည့်အရေးဖြစ်ပါသဖြင့် ၎င်းကြေညာချက်ကို တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးမှ အသိအမှတ်မပြုပါကြောင်း ကြေညာအပ်ပါသည်။

ဦးသာထူးကျော်
(ဥက္ကဋ္ဌ)
D.K.B.A (ဗဟို)ဌာနချုပ်
မြိုင်ကြီးငူအထူးဒေသ

ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ခဲ့သည့် SSNA တပ်မဟာ(၁၁)တပ်မဟာမှူး ဦးကန်နနှင့်တပ်ဖွဲ့ဝင်များ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ၂၀၀၅ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့ Radio Free Asia အသံလွှင့်ဌာနမှ ထုတ်လွှင့်ခဲ့သည့် လက်တစ်ဆုပ်စာ ပြည်ပြေးစစ်ခမ်ဖအဖွဲ့မှ ပြည်ထောင်စုပြိုကွဲပျက်စီးမည့် အကြံအစည်ဖြင့် ရှမ်းပြည်သည် သီးခြားလွတ်လပ်သည့် နိုင်ငံဖြစ်ကြောင်း ကြေညာချက်သည် နိုင်ငံတော်အပေါ် သစ္စာမဲ့စွာဖြင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ရည်ရွယ်ချက်တစ်ရပ်သာဖြစ်ပါသည်။

၂။ မိမိတို့အဖွဲ့သည် နိုင်ငံတော်နှင့် တပ်မတော်မှထားရှိသော စေတနာအမှန်ကို သိရှိနားလည်ယုံကြည်ပြီး ဒေသအကျိုး၊ ပြည်သူလူထုအကျိုးကို ရှေးရှု၍ SSNA အဖွဲ့မှခွဲထွက်ပြီး ၂၀၀၅ခုနှစ်၊ ဧပြီလ(၁၂)ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သော အဖွဲ့ဖြစ်ပါသည်။

၃။ နိုင်ငံတော်အစိုးရမှ ဦးဆောင်ဖော်ဆောင်ပေးလျက်ရှိနေသည့် နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည်သာလျှင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး တစ်သမတ်တည်း မဖြစ်မနေ လျှောက်လှမ်းရမည့် တစ်ခုတည်းသော လမ်းကြောင်းမှန်ဖြစ်သည်ဟု ခိုင်ခိုင်မာမာယုံကြည်ပါသည်။

၄။ ပြည်ထောင်စုကြီးပြိုကွဲစေမည့် အကြံအစည်ဖြင့် ပြည်ပြေးလက်တစ်ဆုပ်စာအဖွဲ့မှ ကြေညာခဲ့ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ရာ သိမ်ဖျင်းသောလုပ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယင်းကြေညာချက်အပေါ် ယုံကြည်မှုမရှိကြောင်း၊ လုံးဝလက်ခံနိုင်မှုမရှိကြောင်း မိမိတို့ အဖွဲ့နှင့်တကွ ဒေသခံတိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးမှ အတိအလင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဦးကန်န
(အဖွဲ့ခေါင်းဆောင်)
ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်သည့်အဖွဲ့
သိန်းနီမြို့နယ်

ဦးအိန္ဒာ
(ဒုတိယအဖွဲ့ခေါင်းဆောင်)
ငြိမ်းချမ်းရေးနှင့်လက်နက်
အပြီးအပိုင်လဲလှယ်သည့်အဖွဲ့
သိန်းနီမြို့နယ်

ဦးခွန်စေ
(အဖွဲ့ဝင်)
ငြိမ်းချမ်းရေးနှင့်လက်နက်
အပြီးအပိုင်လဲလှယ်သည့်အဖွဲ့
သိန်းနီမြို့နယ်

ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ ဟောင်သရောအထူးဒေသ၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ၂၀၀၅ ခုနှစ်၊ ဧပြီလ(၁၇)ရက်(တနင်္ဂနွေနေ့) အမေရိကန်အသံ(VOA)မှ ဦးစဝ်ရွှေသိုက်၏ သားဖြစ်သူ ဦးစဝ်ခမ်ဖအမှူးထားပြီး ပုဂ္ဂိုလ်(၅)ဦးအမည်ပါဝင်သော လွတ်လပ်သော ရှမ်းပြည်အစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်ကို သိရှိရပါသည်။

၂။ လက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးဦးတည်ချက်(၁၂)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းလမ်းစဉ် (၇)ရပ်ဖြင့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေသည်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများပင် ပြီးစီးလုအခြေအနေတွင် ရှိနေပြီဖြစ်သည်။

၃။ အထက်ဖော်ပြပါ လွတ်လပ်သော ရှမ်းပြည်နယ်အစိုးရ ဖွဲ့စည်းကြောင်း ကြေညာချက်သည် ပြည်ထောင်စုကြီး ပြိုကွဲစေရေးကို ဦးတည်ဆောင်ရွက်နေပါသဖြင့် မိမိတို့ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဟောင်သရောအထူးဒေသမှ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့အနေဖြင့် လုံးဝမထောက်ခံဘဲ ကန့်ကွက်ကြောင်းကြေညာပါသည်။

ဦးစောသမူဟဲ
ဗိုလ်မှူးကြီး
တပ်ဖွဲ့မှူး
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သောတပ်ဖွဲ့
ဟောင်သရောအထူးဒေသ၊ ကရင်ပြည်နယ်

၁။ တိုင်းရင်းသ

(၁) အမိ
အဖြ

(၂) တိုင်
တည
ဦးတ

(၃) ပြည်
အခြ

(၄) နိုင်ငံ
ရှမ်း

၂။ အဖွဲ့ချုပ်၏
ဖွဲ့စည်းခြင်

ရန်ကုန်မြို့
၁၃၆၇ခုနှစ်၊ တ
၂၀၀၅ခုနှစ်၊ ဧပြီ

✻ အမျိုးသားညီလာခံစုံညီအစည်းအဝေးများကချမှတ်ခဲ့သော အခြေခံမူများ
နိုင်ငံတော်တွင်ပါဝင်သော တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထေ
စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ
ထားပြီးဖြစ်။

✻ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်ပုန်ကန်သော လ
စစ်ဒဏ်များကြောင့် တိုင်းရင်းသားလူမျိုးအသီးသီး ပြည်သူများ အသက်
နိုင်ငံတော်သည်လည်း ကမ္ဘာ့အလယ်တွင် ခေတ်နောက်ကျကျန်နေ
ခိုင်မာစွာတည်ဆောက်ခြင်း၊ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော
ပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးအသီး

...ပါဝင်သည့် ပြည်နယ်နှင့်တိုင်းစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှ နိုင်ငံ...
...စ်စု၏ လုပ်ရပ်များသည် ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရေ...
...ည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ပျက်ပြား...

ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ ဟောင်သရောအထူးဒေသ၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ၂၀၀၅ ခုနှစ်၊ ဧပြီလ(၁၇)ရက်(တနင်္ဂနွေနေ့) အမေရိကန်အသံ(VOA)မှ ဦးစဝ်ရွှေသိုက်၏ သားဖြစ်သူ ဦးစဝ်ခမ်ဖအမှူးထားပြီး ပုဂ္ဂိုလ်(၅)ဦးအမည်ပါဝင်သော လွတ်လပ်သော ရှမ်းပြည်အစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်ကို သိရှိရပါသည်။

၂။ လက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးဦးတည်ချက်(၁၂)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းလမ်းစဉ် (၇)ရပ်ဖြင့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေသည်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများပင် ပြီးစီးလုအခြေအနေတွင် ရှိနေပြီဖြစ်သည်။

၃။ အထက်ဖော်ပြပါ လွတ်လပ်သော ရှမ်းပြည်နယ်အစိုးရ ဖွဲ့စည်းကြောင်း ကြေညာချက်သည် ပြည်ထောင်စုကြီး ပြိုကွဲစေရေးကို ဦးတည်ဆောင်ရွက်နေပါသဖြင့် မိမိတို့ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဟောင်သရောအထူးဒေသမှ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့အနေဖြင့် လုံးဝမထောက်ခံဘဲ ကန့်ကွက်ကြောင်းကြေညာပါသည်။

ဦးစောသမူဟဲ
ဗိုလ်မှူးကြီး
တပ်ဖွဲ့မှူး
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သောတပ်ဖွဲ့
ဟောင်သရောအထူးဒေသ၊ ကရင်ပြည်နယ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကြေညာချက်

၁။ တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒများမှာ–

(၁) အမိမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီကျင့်စဉ်များဖြင့် စစ်မှန်သော "ပြည်ထောင်စုမြန်မာနိုင်ငံတော်" အဖြစ် ဖွဲ့စည်းတည်ဆောက်ရန်။

(၂) တိုင်းရင်းသားလူမျိုးအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေးရှုမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ပါဝင်သည့် ပြည်နယ်/တိုင်းစသည့် နိုင်ငံတော်၏နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။

(၄) နိုင်ငံတော်သည် တန်းတူရည်တူဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော တိုင်းရင်းသားလူမျိုးနွယ်စုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။

၂။ အဖွဲ့ချုပ်၏ အထက်ပါမူများနှင့် မကိုက်ညီသည့် ကြံစည်ချက်များ၊ လုပ်ဆောင်ချက်များ၊ စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း ကြေညာလိုက်သည်။

၁၉-၄-၀၅ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့
၁၃၆၇ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက်
၂၀၀၅ခုနှစ်၊ ဧပြီလ(၁၉)ရက်

❋ အမျိုးသားညီလာခံစုံညီအစည်းအဝေးများကချမှတ်ခဲ့သော အခြေခံမူများတွင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင်ပါဝင်သော တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ မခွဲထွက်ရဟူ၍ သဘောတူ ချမှတ်ထားပြီးဖြစ်။

❋ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်ပုန်ကန်သော လက်နက်ကိုင်သောင်းကျန်းမှုမှ ဖြစ်ပေါ်သော စစ်ဘေးစစ်ဒဏ်များကြောင့် တိုင်းရင်းသားလူမျိုးအသီးသီး ပြည်သူများ အသက် အိုးအိမ်စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးရသည်သာမက နိုင်ငံတော်သည်လည်း ကမ္ဘာ့အလယ်တွင် ခေတ်နောက်ကျကျန်နေရသည်ဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်ခြင်း၊ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာ ပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးအသီးသီး ခံယူရမည့် သမိုင်းပေးတာဝန်ကြီးဖြစ်သည်။

နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှ နိုင်ငံတော်မှ မည်သည့်အခါမှ မခွဲထွက်ရ
စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရေးလုပ်ရပ်များဖြစ်၍ လုံးဝလက်မခံ
အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ပျက်ပြားစေ၍ ပြင်းထန်စွာရှုတ်ချဆန့်ကျင်

ဧပြီလ (၂၁)ရက်

က်၏ သားဖြစ်သူ
ို ဖွဲ့စည်းကြောင်း

န်အရေးသုံးပါးနှင့်
ရစီနိုင်ငံတော်သစ်
ပျက်ရှိနေသည်မှာ
ပြီဖြစ်သည်။

ာချက်သည် ပြည်
ကြာအင်းဆိပ်ကြီး
က်ခံဘဲ ကန့်ကွက်

သမူဟဲ
းကြီး
ဖွဲ့မှူး
လှယ်သောတပ်ဖွဲ့
ကရင်ပြည်နယ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကြေညာချက်

၁။ တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒများမှာ–

(၁) အမိမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီကျင့်စဉ်များဖြင့် စစ်မှန်သော "ပြည်ထောင်စုမြန်မာနိုင်ငံတော်" အဖြစ် ဖွဲ့စည်းတည်ဆောက်ရန်။

(၂) တိုင်းရင်းသားလူမျိုးအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေးရှုမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ပါဝင်သည့် ပြည်နယ်/တိုင်းစသည့် နိုင်ငံတော်၏နယ်မြေအပိုင်း အခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။

(၄) နိုင်ငံတော်သည် တန်းတူရည်တူဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော တိုင်းရင်းသားလူမျိုးနွယ်စုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။

၂။ အဖွဲ့ချုပ်၏ အထက်ပါမူများနှင့် မကိုက်ညီသည့် ကြံစည်ချက်များ၊ လုပ်ဆောင်ချက်များ၊ စင်ပြိုင်အစိုးရ ဖွဲ့စည်းခြင်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း ကြေညာလိုက်သည်။

၁၉–၄–၀၅ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့
၁၃၆၇ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက်
၂၀၀၅ခုနှစ်၊ ဧပြီလ(၁၉)ရက်

မှတ်ခဲ့သော အခြေခံမူများတွင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍
ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ
သမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ မခွဲထွက်ရဟူ၍ သဘောတူ ချမှတ်

နှံ့ကျင်ပုန်ကန်သော လက်နက်ကိုင်သောင်းကျန်းမှုမှ ဖြစ်ပေါ်သော စစ်ဘေး
သီး ပြည်သူများ အသက် အိုးအိမ်စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးရသည်သာမက
ခေတ်နောက်ကျကျန်နေရသည်ဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု
၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာ
င်းရင်းသားလူမျိုးအသီးသီး ခံယူရမည့် သမိုင်းပေးတာဝန်ကြီးဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏
သဘောထားကြေညာချက်

၁။ မကြာမီကာလ ၁၈–၄–၂၀၀၅ရက်နေ့က ပြည်ပရောက်ရှမ်းအင်အားစု တစ်စိတ်တစ်ဒေသဖြစ်သည့် စဝ်ခမ်ဖ၏ ရှမ်းပြည်နယ်လွတ်လပ်ရေးနှင့်ပတ်သက်သော သဘောထားကြေညာချက်ကို သိရှိရသည်။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် ပါတီ၏ အမည်နှင့်လိုက်လျောညီထွေစွာ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့ကို အလေးအနက်သဘောထားသော ပါတီဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားများနှင့်ပတ်သက်၍ "တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိရေး၊ တိုင်းရင်းသားလူမျိုး တစ်မျိုးအနေနှင့် ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေး၊ ညီညာသော ဖွံ့ဖြိုး တိုးတက်ခွင့်ရှိရေး"တို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ခံယူကျင့်သုံးလျက် ရှိနေပေသည်။

၃။ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမို ကျစ်လျစ် သိပ်သည်းခိုင်မာရေးအတွက် အထောက်အကူပြုရန်နှင့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို အထောက်အကူပြုရမည်သာ ဖြစ်ပေသည်။

၄။ ယခုစဝ်ခမ်ဖ၏ ကြေညာချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေ၍ တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးပြိုကွဲပျက်စီးရေးကိုသာ ဦးတည်နေသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက လုံးဝဆန့်ကျင်သည်။

၅။ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကချမှတ်ခဲ့သော အခြေခံမူများတွင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ "တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့ဖြင့် ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်မည်ကို လည်းကောင်း၊ နိုင်ငံတော်တွင်ပါဝင်သော တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေ အပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ မခွဲထွက်ရဟူ၍လည်းကောင်း" သဘောတူချမှတ် ထားပြီးဖြစ်သည်။

၆။ ယခု စဝ်ခမ်ဖ၏ ကြေညာချက်သည် အမျိုးသားညီလာခံကချမှတ်ထားသော သဘောတူညီချက်များနှင့် ခြားနားသွေဖည်လျက်ရှိနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် မိမိတို့ ကိုယ်တိုင်ပါဝင်နေသည့် အမျိုးသားညီလာခံကြီးက ချမှတ်ထားသော သဘောတူညီချက်များအား ပျက်ပြားသွေဖည်စေမည့် ကိစ္စနှင့်လုပ်ရပ်မှန်သမျှတို့ကို လုံးဝဆန့်ကျင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
စည်းရုံးရေးဗဟိုကော်မတီဌာနချုပ်

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၁)ရက်

ကယန်းပြည်သစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၁)ရက်

ကယားပြည်နယ် အထူးဒေသ(၃) ကယန်းပြည်သစ်ပါတီ ငြိမ်းချမ်းရေးအဖွဲ့သည် ၁၉၉၄ ခုနှစ်၊ဇူလိုင်လ (၁၆)ရက်နေ့တွင် နိုင်ငံတော်အစိုးရ(တပ်မတော်အစိုးရ)နှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသော ကယန်းတိုင်းရင်းသားလူမျိုးစုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

ကယားပြည်နယ် အထူးဒေသ(၃) ကယန်းပြည်သစ်ပါတီ ငြိမ်းချမ်းရေးအဖွဲ့၏ အခြေခံမူကြီး(၁၂)ချက် ထဲတွင် လွတ်လပ်ရေးကာကွယ်ထိန်းသိမ်းရေး၊ အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တန်းတူ ရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ပြည်ထောင်စုမှခွဲမထွက်ရေးနှင့်ကယန်းတိုင်းရင်းသားဒေသ ပေါ်ပေါက်ရေး စသည်တို့ ပါဝင်ပါသည်။

သို့ဖြစ်ပါ၍ စဝ်ရွှေသိုက်၏သား စဝ်ခမ်ဖဦးစီးသောအဖွဲ့အနေဖြင့် ဖက်ဒရယ်မူအရလုပ်ထားသော ရှမ်းပြည်နယ်လွတ်လပ်ရေးကြေညာခြင်းကိစ္စအား ကယားပြည်နယ်အထူးဒေသ(၃) ကယန်းပြည်သစ် ပါတီငြိမ်းချမ်းရေးအဖွဲ့၏ အခြေခံမူကြီး(၁၂)ချက်နှင့် ဖီလာဆန့်ကျင်နေပါသဖြင့် အသိအမှတ်မပြုကြောင်းနှင့် လုံးဝ(လုံးဝ) ကန့်ကွက်ကြောင်း ကြေညာပါသည်။

သန်းစိုးနိုင်
ဒုတိယဥက္ကဋ္ဌ
ကယန်းပြည်သစ်ပါတီ

နားရိုင်းကျေးရွာဟု ခေါ်ပါသည်

မြင့်စိုး (နတလ)

ဆောင်းပါးရေးဖို့ရာ စိတ်ကူးလိုက်သည်ခဏ ပထမဆုံး ကျွန်တော့်အာရုံတွင် ပြက်ပြက်ထင်ထင် ပေါ်လာသည်က ရွာငယ်လေးတစ်ရွာ။ ထိုရွာကလေးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း ရှိနေသည်။ အခါအခွင့်သင့်တိုင်း ကျွန်တော်၏ ဆောင်းပါးအချို့၌ သည်ရွာကလေး၏ အမည်နာမကို ထည့်သွင်း ရေးသားခဲ့သော်ငြား သိသူရှားပါးလိမ့်မည်။ ရောက်ဖူးသူမရှိသလောက် နည်းပါလိမ့်မည်။ လူမနီး သူမနီးအရပ်မှ လူမသိ သူမသိ ရွာကလေးတစ်ရွာဟု ဆိုသော်ရ၏။

ဤရွာကလေးကို နားရိုင်းကျေးရွာဟုခေါ်ပါသည်။

၁၉၉၆ခုနှစ်တွင် ဦးခွန်ဆာ ခေါင်းဆောင်သော MTAအဖွဲ့ကြီးအကြွင်းမဲ့ လက်နက်စွန့်ခဲ့ရာ လွယ်မော်တပ်ဖွဲ့ဝင်များအနက် တချို့က ဖယ်ခုံမြို့နယ်အတွင်း ရွှေပြည်အေး(ကသဲကွင်း)မှာ အခြေပြုနေထိုင်ကြသည်။ တချို့က ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းရှိ မန်ပန်ကျေးရွာတွင် နေထိုင်ကြသည်။ တချို့က မိုင်းရယ်မြို့နယ်အတွင်းရှိ မုန်းဟင်/မုန်းဟဒေသမှာ။ ဟိုမိန်းနှင့် မုန်းထော်/မုန်းထမှာ အခြေပြုနေထိုင်သူများလည်း ရှိကြသည်။

သည်အထဲမှာ ဦးလီချန်းတို့ အဖွဲ့နေရာရွေးပုံက နည်းနည်းတော့ အံ့ဩစရာ ကောင်းနေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားရေးလာရေး လွယ်ကူသည့် နမ့်စမ်မြို့နှင့်

နားရိုင်းကျေးရွာသို့ အဝင်မြင်ကွင်း။

နီးနီးနားနား ကျွန်တော်တို့ နေချင်ပါသည်ဟုမပြော။ မိုးနဲမြို့နားမှာ ရွာတည်ပေးပါဟူ၍လည်း မတောင်းဆို။ တိုင်းမှူးထံ တင်ပြ၍ လက်ရှိနားရိုင်းကျေးရွာ၌ပင် အခြေချနေထိုင်ခဲ့ကြသည်။ စတင်နေထိုင်စဉ်က နားရိုင်းကျေးရွာရယ်လို့ ပီပီပြင်ပြင် မရှိသေး။ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပြီး တပ်ဖွဲ့ဝင်တွေ နေထိုင်ဖို့ သက်ငယ်မိုးထရံကာ ယာယီတဲရှည်ကြီးတွေ ထိုးသည်။ ခေါင်းဆောင်ပိုင်းအတွက် တဲအိမ်ငယ်လေးများ ဆောက်သည်။ စိုက်ရေးပျိုးရေးအတွက် နှစ်တိုသီးနှံ၊ နှစ်ရှည် သီးနှံမရွေးအားသေး။ အလွယ်ကူဆုံးနှင့် အဖြစ်နိုင်ဆုံး သီးနှံပြောင်းခင်းတွေ စစိုက်သည်။ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် မူလတန်းကျောင်း စဖွင့်သည်။

ဤပုံဤနွယ် စတင်အခြေတည်ခဲ့သော နားရိုင်းကျေးရွာ။ တဖြည်းဖြည်းနှင့် တဲအိမ်ကလေးတွေနေရာမှာ သွပ်မိုး အုတ်ညှပ်အိမ်ကလေးများ နေရာ ယူလာကြသည်။ ရွာဦးတွင် ဘုန်းတော်ကြီးကျောင်းနှင့် စေတီတစ်ဆူ တင့်တယ်စွာပေါ်ပေါက်လာသည်။ နိုင်ငံတော်အစိုးရက ဟိုင်းနားလေး-နားရိုင်း လမ်းကို ကျောက်ခင်းလမ်းဖောက်လုပ်ပေးပြီး ၎င်းလမ်းပေါ်၌ တံတားငယ်၁၄စင်း တည်ဆောက်ပေးခဲ့သည်။ ဒေသခံတိုင်းရင်းသားတို့ သွားလာရေး အဆင်ပြေချောမွေ့စေရန် နားရိုင်း-မိုင်းဆစ်လမ်းပေါ်၌ နားရိုင်းတံတားကို တည်ဆောက် ပေးခဲ့သည်။ အခြေခံပညာ မူလတန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများ ဖွင့်လှစ်ပေးခဲ့သည်။ နားရိုင်း ကျေးရွာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

လူမနီး သူမနီးအရပ်မှ လူမသိ သူမသိရွာကလေးတစ်ရွာဟု ကျွန်တော်ဆိုခဲ့ပါသည်။ သို့သော် ဤကဲ့သို့ လူမနီး သူမနီး ကျေးရွာငယ်လေး၌ ဖွင့်လှစ်ထားသော မူလတန်းကျောင်းကလေးတွင် နှစ်စဉ်၊ နှစ်စဉ် ပညာရေးစုံညီပွဲတော် ကျင်းပနေကြောင်း သိရှိရသောအခါ ကျွန်တော်အံ့ဩခြင်း မကဖြစ်မိသည်။ ကျောင်းသားကျောင်းသူဦးရေ ၁၅၀ကျော်ရှိပြီး လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့နှင့် သက်ဆိုင်သောအခမ်းအနားများကိုလည်း ဆရာမများက ဦးဆောင်၍ မိမိတို့တတ်စွမ်းသမျှ ကျင်းပပြုလုပ်ခဲ့ကြသည်။ အာဟာရတိုက်ကျွေးခြင်းလုပ်ငန်း များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ စုံညီပွဲတော်၌ ကစားနည်းမျိုးစုံနှင့် ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်သည်။

နားရိုင်းကျေးရွာပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသောရာသီ သီးနှံစိုက်ခင်းများကိုကြည့်၍ ဘုရားကုန်းငြိမ်းချမ်းရေးရွာမှဖထီး(ပဒိုအောင်ဆန်း)၏ပြောစကားများကို အမှတ်ရမိသည်။

"လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ရန် ကမ်းလှမ်းခဲ့စဉ်က လူကြီးများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံခဲ့တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ပြီးစဉ်ကစပြီး တိုင်းပြည်ရဲ့စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးလာအောင်အားသွန်ခွန်စိုက် လက်တွဲ ပါဝင်ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အဖွဲ့ကိုနိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခဲ့စဉ်က အလုပ်အကိုင်နေရာမှာ "လယ်သမား" လို့သတ်မှတ်စေခဲ့ပါတယ်။ "ကျွန်တော်တို့ ဒီနှစ်ရာသီမှာ စပါးဧက ၁၀၀ စပြီးစိုက်ပျိုးဖို့ ပျိုးထောင်ပြီးပါပြီ။ ပင်ထောင် စိုက်နည်းရော၊ စက်စိုက်၊ လက်စိုက်ပါ စမ်းသပ် စိုက်ပျိုးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မျိုးစပါး၊ ဓာတ်မြေဩဇာမှအစ စက်ကိရိယာတွေပါ ပံ့ပိုးပေးတဲ့အတွက် လွန်စွာမှ အားရမိပါတယ်။ ဒေသခံ လယ်သမားတွေ အနေနဲ့ စိုက်ပြီးစပါးတွေရေမြုပ်မှာကို အလွန်စိုးရိမ်ခဲ့ကြပါတယ်။ အခုရေနုတ်မြောင်းတွေကို နိုင်ငံတော်အစိုးရက စနစ်တကျတူးပေးတဲ့အတွက် စိုးရိမ်သောကတွေ လျော့ပါးပြီးအားလုံးက ကျေးဇူးတင်နေကြပါတယ်။ မိုးကုန်ပြီးရင် နွေစပါးဧက ၁၀၀ကျော်စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်။ ကြံနှင့် ရော်ဘာကိုလည်း စိုက်ပျိုးသွားမှာပါ။ မွေးမြူရေးအနေနဲ့ကတော့ ကြက်၊ ဝက်မျိုးကောင်း မျိုးသန့်များနဲ့ ငါးကန်များ တူးဖော်မွေးမြူသွားမှာ ဖြစ်ပါတယ်"ဟု ပြောခဲ့ဖူးသည်။

ယခုနားရိုင်းကျေးရွာတွင် နေထိုင်ကြသော ဦးလီချန်း ခေါင်းဆောင်

ပြောင်းစိုက်ခင်းများ ကြားက နားရိုင်းကျေးရွာ။

သည့် အမ်တီအေ တပ်ဖွဲ့ဝင်ဟောင်းများ အနေဖြင့်လည်း အလုပ်အကိုင်နေရာ၌ အားလုံးလိုလို "လယ်သမား" ဟူ၍ပင် ဖြည့်စွက်ထားမည်လား မသိ။ ရာသီသီးနှံပြောင်းကို အဓိကထားစိုက်ပြီး တောင်ယာစပါး၊ ပန်းနှမ်း၊ ကြက်သွန်ဖြူနှင့် ပဲပုပ်များကိုပါ စိုက်ပျိုးကြသည်။ ယခုနှစ်စိုက်ပျိုး ရာသီ၌ ဧက ၂၅၈၀ စိုက်ပျိုးခဲ့သည်။ ဧက ၆၀၀ကျော် ဆက်လက်ဖော်ထုတ်လျက်

အဝေးမှ ကြည့်ကြည့်၊ အနီးမှကြည့်ကြည့် ဘုရားကျောင်းကန်စေတီတို့ဖြင့် တင့်တင့်တယ်တယ်တည်ရှိနေသော၊ ကလေးငယ်များ၏ စာအံသံတို့ တက်ကြွလွင့်ပျံ့နေသော၊ စုပေါင်းခန်းမ၊ ဆေးပေးခန်း၊ ဈေးတန်းများနှင့် ဝေစည်နေသော၊ စိုက်ခင်းများနှင့် စိမ်းမြလန်းဆတ်နေသော ရွာကလေးတစ်ရွာ။ ထိုရွာကို နားရိုင်းကျေးရွာဟု ခေါ်ပါသည်။

ရှိသည်။ နှစ်ရှည်သီးနှံ အဖြစ် ရှောက်၊ လိမ္မော်တို့ကိုပါ စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။ ဝက်မွေးမြူရေးနှင့် ငါးမွေးမြူရေး လုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်လျက် ရှိသည်။

ယနေ့အချိန်၌ နားရိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ လည်းကောင်း၊ ကျေးလက်ကျန်းမာရေး ဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနသို့လည်းကောင်း အဆင့်တိုးမြှင့်ပေးပြီးဖြစ်သည်။ နားရိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသားပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် လွှင့်အား ၁၀ ဝပ်ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတစ်ရုံကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်သည်။ အလယ်တန်းကျောင်းဖွင့်လှစ်ခွင့်ရစဉ်က မိမိတို့ရင်သွေးငယ်များအတွက် စိတ်ချမ်းမြေ့ခဲ့ကြရသလို ယခု အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပေးလိုက်သောအခါ အိုးမကွာ အိမ်မကွာ ဆက်လက်သင်ယူခွင့်ရခဲ့ကြသည်။ ရွာတည်ရန် ချုံနွယ် ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခဲ့ ကြစဉ်က သည်နေရာလေးဟာဖြင့် နောင်တစ်ချိန်ဆေးပေးခန်းဖြစ်လာ မည့်နေရာ၊ သည်နေရာက ဈေးတန်း၊ သည်နေရာက စုပေါင်းခန်းမစသည်ဖြင့် မည်သူကမျှ ကြိုတင်မှန်းဆထားမည် မဟုတ်ပါ။ နေရေးအဓိက ဖြစ်ပါလိမ့်မည်။

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ နားရိုင်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

မတ်လ ၂၀ရက်နေ့ နံနက်ရနာရီမှစတင်ကာ နားရိုင်းကျေးရွာရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံဖွင့်ပွဲ အခမ်းအနား၊ အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲအခမ်းအနား၊ ကျန်းမာရေးဌာနဖွင့်ပွဲ အခမ်းအနား၊ ဟိုင်းနားလေး- နားရိုင်းကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားများကိုကျင်းပခဲ့ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဦးလီချန်းခေါင်းဆောင်သော နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နားရိုင်းဒေသမှ ဒေသခံတိုင်းရင်းသား ပြည်သူများ စုံစုံညီညီတက်ရောက်ကြသည်။ တိုင်းမှူးသည် နားရိုင်း ကျေးရွာခန်းမ၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ညှိနှိုင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

နားရိုင်းကျေးရွာတွင် ယခင်က လူသွားလမ်း၊ လား/မြင်းသွားလမ်းသာရှိခဲ့ ရာမှ ယခုမော်တော်ကားလမ်းပေါ်ပေါက်လာခြင်းအတွက် ဒေသခံတို့ ဝမ်းမြောက် ကြပါလိမ့်မည်။ မူလတန်းဆောင်သစ် ဆောက်လုပ်ရေးအတွက်လည်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

၂၀၀၅ခုနှစ်မတ်လ ၂၇ ရက်နေ့တွင်ကျရောက်သော နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများက လှိုက်လှိုက်လှဲလှဲဂုဏ်ပြုကြိုဆိုသကဲ့သို့ နားရိုင်းကျေးရွာနေဒေသခံတို့ကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းအစုစုတို့ ဖွင့်လှစ်လိုက်ခြင်းဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

နားရိုင်းကျေးလက်ကျန်းမာရေးဌာနတွင် ဆေးဝါးကုသပေးစဉ်။

ထို့အတူ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းအပေါ် ဒေသခံတို့နှင့်အတူ ဝမ်းမြောက်မိသည်။ တောကြိုအုံကြားမှာ စမ်းတဝါးဝါးဘဝမျိုး မဟုတ်တော့ အရာရာကို ကြည့်မြင်ခံစားနားလည်နိုင်ပြီ။ **အဝေးမှ ကြည့်ကြည့်၊ အနီးမှကြည့်ကြည့်၊ ဘုရားကျောင်းကန် စေတီတို့ဖြင့် တင့်တင့်တယ်တယ်တည်ရှိနေသော၊ ကလေးငယ်များ၏ စာအံသံတို့ တက်ကြွလွင့်ပျံ့နေသော၊ စုပေါင်းခန်းမ၊ ဆေးပေးခန်း၊ ဈေးတန်းများနှင့် ဝေစည်နေသော စိုက်ခင်းများနှင့် စိမ်းမြလန်းဆတ်နေသော ရွာကလေးတစ်ရွာ။ ထိုရွာကို နားရိုင်းကျေးရွာဟု ခေါ်ပါသည်။** ။

ဒဂုံမြို့နယ် ပြည်လမ်း အရှေ့ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ပထမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၁၀ နာရီက မဟာဓမ္မရံသီ ဆုတောင်းပြည့် အိမ်တော်ရာ စေတီတော် ဝင်း အတွင်းရှိ ရတနာ့ဗိမာန်၌ ကျင်းပစဉ်။ (က-ပ)

အိုလံပစ်အားကစားနှင့် စာပေပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် မေ ၂၁

အိုလံပစ်အားကစားနှင့် စာပေပြိုင်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ စာပေနှင့် အိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပရေး ပေါင်းကူးမှုအဖြစ် နိုင်ငံတကာအဆင့်တွင် မြန်မာနိုင်ငံမှ ထူးချွန်သူများ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိစေရန် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် အိုလံပစ်အားကစားနှင့် စာပေပြိုင်ပွဲများကို ကျင်းပမည် ဖြစ်သည်။

အဆိုပါ အိုလံပစ်အားကစားနှင့် စာပေပြိုင်ပွဲအဖြစ် စာစီစာကုံးပြိုင်ပွဲများကို အသက်အုပ်စု သုံးစုခွဲကျင်းပမည်ဖြစ်ရာ အသက်အုပ်စု အဆင့်(၁)တွင် အသက် ၁၂ နှစ်နှင့်အောက် (ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း) ကျောင်းသား ကျောင်းသူများ၊ အသက်အုပ်စု အဆင့်(၂)တွင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အထိ (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း)ကျောင်းသား ကျောင်းသူများ၊ အသက်အုပ်စု အဆင့်(၃)တွင် အသက် ၁၉ နှစ်နှင့်အထက် (တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊သိပ္ပံများ)မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပါဝင်ယှဉ်ပြိုင်သူများသည်အိုလံပစ်စိတ်ဓာတ်၊ အိုလံပစ်တန်ဖိုး တစ်ခုခုကိုဖော်ညွှန်းသော အထူးချွန်ဆုံး ပုဂ္ဂိုလ်အကြောင်း (Excelling Oneself)၊ သန့်ရှင်းစွာယှဉ်ပြိုင်မှု (Fair Play)၊ ပျော်ရွှင်စွာ ကြိုးပမ်းအားထုတ်မှု (Joy in Effort)၊ အခြားသူများအပေါ် လေးစားမှု (Respect for Others)၊ ကိုယ်နှင့်စိတ်အကြား ချိန်ဆနိုင်မှု (Balance between Body and Mind)ခေါင်းစဉ်တစ်ခုခုကို ရေးသားယှဉ်ပြိုင်နိုင်သည်။

ယှဉ်ပြိုင်နိုင်သည်

ပါဝင်ယှဉ်ပြိုင်မည့် သူများသည် မိမိနှစ်သက်ရာ ခေါင်းစဉ်တစ်ခုခုကို မိမိတို့နှင့်သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများတွင် စာရင်းသွင်း ယှဉ်ပြိုင်နိုင်ပြီး အဆင့်(၁)နှင့် အဆင့်(၂)ပြိုင်ပွဲများကို ၂၀၀၅ ခုနှစ် မေ ၇ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ အခြေခံပညာကျောင်းများတွင်လည်းကောင်း၊ အဆင့်(၃)ပြိုင်ပွဲကို ၂၀၀၅ ခုနှစ် မေ ၈ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများတွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ စာစီစာကုံး ရေးသားယှဉ်ပြိုင်ရာတွင် စာလုံးရေ ၇၅၀၀ ထက် မပိုစေရ၊ ပါဝင်ယှဉ်ပြိုင်သူတစ်ဦးသည် အဆင့်တစ်ခုအတွက် ပြိုင်ပွဲဝင်စာမူ တစ်ခုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မိမိတို့သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်အခြေခံပညာကျောင်းများတွင် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၂၁-၄-၂၀၀၅

ဘားအံ	–	၄၂ ဒီဂရီစင်တီဂရိတ်	(၁၀၈ ဒီဂရီဖာရင်ဟိုက်)
ရွှေကျင်	–	၄၁ ဒီဂရီစင်တီဂရိတ်	(၁၀၆ ဒီဂရီဖာရင်ဟိုက်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်း အပြင်းအထန်လေ့ကျင့်

ရန်ကုန် မေ ၂၁

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် လာမည့် မေ ၅ ရက်၌ စတင်ကျင်းပမည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းကို စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းကို ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဘောလုံးတာဝန်ခံ ဒေါ်မြတ်မြတ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး အုပ်ချုပ်သူအဖြစ် ဒေါ်သိန်းသိန်းဌေး (ဦးစီးအရာရှိ၊ အား/ကာ)၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန် (ပို့ဆောင်ရေး၊ မြန်မာ့လက်ရွေးစင်ဟောင်း)၊ တွဲဖက်နည်းပြအဖြစ် ဦးခင်မောင်မြင့် (ပို့ဆောင်ရေး၊ တက္ကသိုလ်လက်ရွေးစင်ဟောင်း)နှင့် အကူနည်းပြအဖြစ် ဦးအောင်အောင်ဦး(Winner) တို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြသည်။

ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းတွင် အားကစားသမားများအဖြစ် **(ဂိုး)**ဖြူဖြူသင်း(စက်မှု-၁)၊ ငြိမ်းစုဇော် (အား/ကာသိပ္ပံ)၊ **(နောက်တန်း)** စိမ်းချိုအောင်(ပြည်ထဲရေး)၊ မိုးမိုးထွေး၊ စန်းစန်းမော်ဝင်း(ပို့ဆောင်ရေး)၊ ရီရီဌေး၊ မူမူခင်၊ မြင့်မြင့်လှိုင်(စက်မှု-၁)၊ **(အလယ်တန်း)** စုငြိမ်းအေး၊ ငြိမ်းငြိမ်းအိ၊ ရီရီနွယ်(ပို့ဆောင်ရေး)၊ နီလာကြွယ် (စက်မှု-၁)၊ နီလာမြင့်(အား/ကာသိပ္ပံ)၊ ဇာလီဝင်း၊ ခင်ခင်ကြွယ်(ကာကွယ်ရေး)၊ **(ရှေ့တန်း)** ယမင်းသီတာလွင်၊ မူမူလွင်(ပို့ဆောင်ရေး)၊ သီတာကြည်(စက်မှု-၁)တို့ ပါဝင်ကြသည်။

ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်း အောင်နိုင်ရေးအတွက် ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဝင်များ ဖြစ်ကြသည့် ရန်ကုန်တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်၊ ရန်ကုန်တိုင်း အားကစားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်း၊ ဦးခင်မောင်လတ် (အောင်တံခွန်သယ်ယူပို့ဆောင်ရေး) နှင့် ဦးအောင်မော်သိန်း (UPT အီလက်ထရွန်းနစ်)တို့က အနီးကပ်ကြီးကြပ်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းသည် ကျင်းပပြီးစီးခဲ့သည့် ကိုးကြိမ်တွင် ခြောက်ကြိမ်ဗိုလ်စွဲထားခဲ့သည်။ ယမန်နှစ်ပြိုင်ပွဲ၌ ဒုတိယဆုဖြင့်ကျေနပ်ခဲ့ရသော ရန်ကုန်တိုင်း ဘောလုံးအသင်းသည် ယခုနှစ်ပြိုင်ပွဲ၌ တစ်ကျော့ပြန် အောင်မြင်မှုရရှိရေးအတွက် ဧပြီ ၁ ရက်မှစတင်၍ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ စခန်းသွင်း လေ့ကျင့်မှုများ အပြင်းအထန် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးနှင့်အာဆင်နယ်ဂိုးမရှိသရေကျ မန်ချက်စတာယူနိုက်တက်က အဲဗာတန်ကိုရှုံးနိမ့်

လန်ဒန် ဧပြီ ၂၁

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲများကို ဗုဒ္ဓဟူးနေ့က ကျင်းပရာ ထိပ်ဆုံးမှ ချယ်လ်ဆီးနှင့် ဒုတိယနေရာမှ အာဆင်နယ်အသင်းတို့ ဂိုးမရှိသရေကျပြီး မန်ချက်စတာယူနိုက်တက်အသင်းက အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် စတမ်းဖို့ဒ်ဘရစ်၌ အာဆင်နယ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရာ ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။

ချယ်လ်ဆီးအသင်းတွင် ဂိုးသမား ပီတာဆက်ချ်နှင့် ကစားသမားများအဖြစ် ဂါးလ်လက်စ်၊ ဂျွန်ဆင်၊ ကာဗယ်ဟို၊ ဂျွန်တယ်ရီ၊ ဂျိုကိုးလ်၊ ဒါမီယံဒပ်၊ ဖရန့်လမ်းပတ်၊ မာ့ခ်ီလီလီ၊ဒရော့ဘာနှင့်ဂတ်ဂျွန်ဆင်တို့ ပါဝင်ကစားခဲ့သည်။

ထို့အတူ အာဆင်နယ်အသင်းတွင် ဂျင်းလက်ချ်မန်း၊ အက်ရှ်လေကိုးလ်၊ လောရင့်၊ ဆန်ဒါရို့စ်၊ ကိုလိုတိုရေး၊ ဖာဘရီဂတ်စ်၊ ရောဘတ်ပီရက်စ်၊ ဆီလ်ဗား၊ ဗီယာရာ၊ ဘားကမ့်နှင့် ရေးယက်စ်တို့ ပါဝင်ကစားခဲ့သည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့သည်။ ပွဲစပြီး နှစ်မိနစ်တွင် ရေးယက်စ်က ဂျွန်ဆင်နှင့် အပြိုင်ခေါင်းတိုက်သွင်းရာ ဂိုးဘားတန်း အပြင်ဘေးနားသို့ လွဲချော်သွားခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူး ပီရက်စ်၏ မြေလိမ့်ဘောကန်ချက်ကို ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် ကာကွယ်နိုင်ခဲ့သည်။ ဂျွန်တယ်ရီနှင့် ရီကာဒိုတို့၏ အကွက်ဆင်ကစားမှုကို အာဆင်နယ်နောက်တန်းလူများ မနည်းပိတ်ဆို့ကစားခဲ့ရသည်။

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားရာတွင် အာဆင်နယ်မှ ဂီလ်ဘာတိုဆီလ်ဗား (ယာ)**၏ ဂိုးသွင်းယူမှုကို ချယ်လ်ဆီးနောက်တန်းလူများက ဖျက်ထုတ်ရန် ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ပွဲချိန် ၃၁ မိနစ်တွင် မာ့ခ်ီလီလီက ဒါမီယံဒပ်ဆီသို့ ဘောလုံးကိုဖြတ်ပေးလိုက်ရာ ဘောလုံးမှာ ဒရော့ဘာဆီသို့ ရောက်သွားပြီး ၎င်းက ကန်သွင်းရာ အာဆင်နယ်ဂိုးသမား လက်ချ်မန်း ကာကွယ်လိုက်နိုင်သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးများ သွင်းနိုင်ရေးအတွက် လူလဲကစားရာ ချယ်လ်ဆီးမှ ဂျိုကိုးလ်အစား ကာဒိုဆိုကီယာရို၊ ဒါမီယံဒပ်အစား မိတ်ဂျားကက်ဇ်မန်း၊ ဂတ်ဂျွန်ဆင်အစား ဂျာရိုဆစ်တို့ ပါဝင်ကစားခဲ့သည်။

ထို့အတူ အာဆင်နယ်အသင်းတွင်လည်း ဘားကမ့်အစား ရော့ဗင်ပါဆီ၊ ဖာဘရီဂတ်အစား အလီယာဒီယာရေးတို့ ပါဝင်ကစားခဲ့သည်။

နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် ပွဲပြီးသည်အထိ ရေကုန်ရေခန်းကစားခဲ့ကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။

ချယ်လ်ဆီးအသင်းသည် ဒုတိယနေရာမှ အာဆင်နယ်အသင်းကို ၁၁ မှတ်ဖြတ်ထားနိုင်ခဲ့ပြီ ဖြစ်သည်။ လက်ကျန်ပွဲ ငါးပွဲသာကစားရန် ကျန်ရှိသည်။

အဲဗာတန်နိုင်

အဲဗာတန်အသင်းသည် ဂွတ်ဒီဆင်ပတ်၌ မန်ချက်စတာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

အဲဗာတန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဒန်ကင်ဖာဂူဆန်က သွင်းပေးခဲ့ခြင်း ဖြစ်သည်။ အဲဗာတန်အသင်းသည် ၁၀ နှစ်အတွင်း မန်ချက်စတာယူနိုက်တက်အသင်းကို ပထမဆုံးအကြိမ် အနိုင်ရရှိခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ချေပဂိုးသွင်းနိုင်ရေးအတွက် အကြိတ်အနယ် တိုက်စစ်ဆင်ကစားသော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ဘဲ ဂယ်ရီနဗီးနှင့် ပေါစခိုးလ်တို့ ကွင်းအတွင်းမှ ထွက်သွားရသည်။ ဂယ်ရီနဗီးသည် ပွဲချိန် ၇၂ မိနစ်တွင် လူအုပ်ထဲသို့ ဘောလုံးကန်သွင်းခဲ့၍ ပြိုင်ပွဲမှထွက်ခဲ့ရခြင်းဖြစ်ပြီး ပေါစခိုးလ်မှာ မိနစ် ၉၀ တွင် နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရခြင်း ဖြစ်သည်။

နယူးကာဆယ်ရှုံးနိမ့်

တန်းစီဇယားအောက်ဆုံးမှ နော့ဝှစ်အသင်းသည် နယူးကာဆယ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

နှစ်သင်းစလုံးသည် ဂိုးရရှိရေးအတွက် အကြိတ်အနယ် ထိုးဖောက်ကစားသော်လည်း ပထမပိုင်း ပွဲပြီးသည်အထိ ဂိုးမသွင်းနိုင်ခဲ့ကြပေ။

ဒုတိယပိုင်းပြန်စကစားရာ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ နည်းလာသည်။ သို့ရာတွင် ပွဲချိန် ၆၈ မိနစ်တွင် ဆာဖရီက နော့ဝှစ်အတွက် တစ်ဂိုးစသွင်းပေးလိုက်သည်။ ယင်းဂိုးကို နယူးကာဆယ်မှ ကလိုင်းဗတ်က မိနစ် ၉၀ တွင် ချေပနိုင်ခဲ့သည်။ လေလွင့်ချိန်များ ဆက်လက်ကစားရာ အက်ရှ်တန်က နော့ဝှစ်အတွက်အနိုင်ဂိုးသွင်းပေး၍ နော့ဝှစ်တို့ အတန်းမဆင်းရရေး မျှော်လင့်ချက်ရှင်လာခဲ့သည်။

လီဗာပူးနိုင်

ပို့စ်မောက်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် လီဗာပူးက ပို့စ်မောက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် ပွဲစပြီး လေးမိနစ်အကြာ၌ မိုရီယန်းတေးစ်က ဖွင့်ဆော်ဦးဂိုး သွင်းခဲ့သည်။ ယင်းဂိုးကို ပို့စ်မောက်အသင်းက ပွဲချိန် ၃၄ မိနစ်တွင် ကာမာရာက ချေပဂိုးသွင်းယူသည်။ ပထမပိုင်း ပွဲပြီးရန် ၄၅ မိနစ်ပြည့်ချိန်တွင် လီဗာပူးအသင်းအတွက် အနိုင်ဂိုးကို လူးဝစ်ဂါစီယာက သွင်းခဲ့သည်။

မန်စီးတီးဂိုးပြတ်နိုင်

မန်စီးတီးအသင်းက ဘာမင်ဂမ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရာတွင် သုံးဂိုး-ဂိုးမရှိဖြင့် အိမ်ကွင်း၌ အနိုင်ရရှိခဲ့သည်။ သို့ရာတွင် အက်စ်တန်ဗီလာအသင်းနှင့် ချာလ်တန်တို့ပွဲတွင် ဂိုးမရှိသရေဖြစ်သွားသကဲ့သို့ တော့တင်ဟမ်နှင့် ဝက်စ်ဘရွန်းတို့ ယှဉ်ပြိုင်ကစားရာတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေပွဲကျသွားသည်။ **(အင်တာနက်)**

ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ပီပြင်စွာအကောင်အထည်ဖော် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၉ရက် မွန်းလွဲ ၂နာရီခွဲက မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့်အလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။ (အပေါ်ပုံ)

အသီးသီးတင်ပြ

ရှေးဦးစွာ ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့်တို့က မိမိတို့နယ်မြေ ဒေသအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသီးသီး တင်ပြကြသည်။

ဆွေးနွေးမှာကြား

ဗဟိုအတွင်းရေးမှူးဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို သက်ဆိုင်ရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရေး၊ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို ပီပြင်စွာ ဆက်လက်အကောင်အထည်ဖော်သွားရေးနှင့် အမျိုးသားရေးကိစ္စများကိုဆောင်ရွက်သွားရေး၊ အသင်းဝင် အင်အားတိုးတက်လာရန် စည်းရုံးဆောင်ရွက်သွားရေးနှင့် နွေရာသီရက်တို သင်တန်းများ၊ ဆင့်ပွားသင်တန်းများ၊ မွမ်းမံသင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားရေး စသည်ဖြင့် အသေးစိတ်ဆွေးနွေး မှာကြားသည်။

ထို့မှတစ်ဆင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ညောင်ဦးမြို့ ဝင်းသူဇာ အရောင်းဆိုင်သို့ရောက်ရှိပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများဖြစ်သော အဝတ်အထည်များ၊ ကြွေရည်သုတ်ပစ္စည်းများနှင့် ပန်းကန်ခွက်ယောက်များ၊ စက်ဘီးနှင့် အပ်ချုပ်စက်များ၊ ဆေးဝါးပစ္စည်းအမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများ၊ စာရေးစက္ကူအမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ကုန်ပစ္စည်းများ ပြတ်လပ်ခြင်းမရှိစေရန် စနစ်တကျမှာယူဖြည့်တင်းသိုလှောင်သွားရေး၊ အထူးသဖြင့် ပြည်သူတို့ကိုဆက်ဆံရာတွင် ချိုသာယဉ်ကျေးမှုရှိရေးတို့ကို အသေးစိတ်မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံမြို့ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြန်မာ့ရိုးရာလှေလှော် ပြိုင်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ နောင်တုံကန်တော်မင်္ဂလာ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှေလှော်ပြိုင်ပွဲဝင် အသင်း ၁၆သင်းနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားပြီး ၂၀၀၅ခုနှစ် ကျိုင်းတုံမြို့ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့က အစီအစဉ်အတိုင်း ယှဉ်ပြိုင်ကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရအသင်းများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး တံခွန်စိုက်ဖလားဆုရရှိသော စခန်းရုံး၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာဇာတ်ကားသစ်များ ရုံမဝင် လှို့ဝှက်သောနှင်း ဇာတ်ကား ဆက်လက်ပြသလျက်ရှိ

ရုပ်ရှင်သတင်းထောက်

အစိမ်းရင့်ရင့်လမင်း ဇာတ်ကားမှ

"အစိမ်းရင့်ရင့်လမင်း" ဇာတ်ကားမှ နိုင်းနိုင်း၊ ဖြိုးငွေစိုးနှင့် အိန္ဒြာကျော်ဇင်တို့၏အမူအယာ။

ရန်ကုန် ဧပြီ ၂၁

ယခုအပတ် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ S.W.A.T နိုင်ငံခြားကားသစ် ရုံဝင်လာသည်။

ဂျူး၏ဝတ္ထုကို ငြိမ်းမင်း ဇာတ်ညွှန်းရေးသားပြီး ညွန့်ဝင်း၊လွင်မိုး၊ လူမင်း၊ ထွန်းထွန်းဝင်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်၊ မြင့်မြင့်ခိုင်တို့နှင့် အတူ ရဝမ်လူမျိုးများ၊ လီဆူးလူမျိုးများ၊ ကချင်တိုင်းရင်းသား ပေါင်းစုံတို့ ပါဝင်ရိုက်ကူးပြီး စင်ရော်မောင်မောင် ခံစားတင်ပြထားသော **လှို့ဝှက်သောနှင်း** ဇာတ်ကားကို သမ္မတ၊သွင်နှင့်မင်္ဂလာရုံများတွင် တင်ဆက်ပြသလျက် ရှိသည်။

ဤဇာတ်ကားတွင် ဥက္ကာ(လွင်မိုး)၏ဖခင်သည် ကချင်ပြည်နယ် ခါကာဘိုရာဇီ ဝန်းကျင်မှ ရေခဲတောင်များရှိမည့်ဒေသ၌ တွေ့ရတတ်သော ရှားပါးလိပ်ပြာမျိုးရင်းများကို သုတေသနပြုရင်း နှင်းများဖုံးလွှမ်းနေသော ရေခဲတောင်ပေါ်၌ အကြောင်းအကျိုးမသိရဘဲ ပျောက်ဆုံးခဲ့ရလေသည်။

ဥက္ကာသည် ဖခင်၏အဖြစ်မှန်ကို စူးစမ်းလိုစိတ်ဖြစ်ပြီး ဖခင်သွားရာလမ်းအတိုင်း ခြေရာခံလျက် ဖခင်၏နောက်ဆုံးအချိန်ထိ လှုပ်ရှားမှုကို အတိအကျ လိုက်လေ့လာရင်း မိမိတွေ့ကြုံရသည့် အခက်အခဲ အကျပ်အတည်းများမှ စွန့်စားရန်းကန်ခဲ့ရသည့် အဖြစ်အပျက်ကို အခြေခံ၍ မာယာများပြီး လှို့ဝှက်လှသည့် ရေခဲတောင်တို့၏ ရာသီဥတုနှင့် သဘောသဘာဝ အခြေအနေ၊ ရေခဲတောင်ရှုခင်းများနှင့် တောတောင်ဒေသများကို ပေါ်လွင်အောင် သည်းထိတ်ရင်ဖိုဆန်ဆန် ရိုက်ကွင်းရိုက်ကွက်ဆန်းများဖြင့် ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး ဒွေး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသည့် **ကြိုးနှစ်စ** ဇာတ်ကား ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ဆက်လက်ပြသလျက်ရှိပြီး၊ နဝဒေးရုံတွင် ရန်အောင်၊ လွင်မိုးနှင့် ထက်ထက်မိုးဦးတို့ ပါဝင်သည့် **ဧဒင်အိပ်မက်** ဇာတ်ကား ရုံဝင်လာသည်။

ဒါရိုက်တာ Clark Johnson ရိုက်ကူးပြီး Colin Farrell, Samuel L. Jackson တို့ ပါဝင်သရုပ်ဆောင်ထားသော S. W. A. T ရဲကွန်မန်ဒို ဇာတ်ကားကို ရှေ့ဆောင်ရုံတွင် တင်ဆက်ပြသထားသည်။

Sanaa Lathan, Raoul Bova တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ Paul W.S.Anderson ရိုက်ကူးသည့် သိပ္ပံဇာတ်ကား Alien Vs. Predator (AVP) အက်ရှင်ဇာတ်ကားကို နေပြည်တော်ရုံတွင် ပြသလျက်ရှိသည်။

ဒါရိုက်တာ မောင်မောင်ဦး(စနိုးဝှိုက်)ရိုက်ကူးပြီး နိုင်းနိုင်း၊ ဖြိုးငွေစိုးနှင့် အိန္ဒြာကျော်ဇင်တို့ ဦးဆောင်ပါဝင်ထားသည့် **အစိမ်းရင့်ရင့်လမင်း** ဇာတ်ကားကို ရွှေဂုန်ရုံမြေညီထပ်တွင် ပြသလျက်ရှိသည်။ ဤဇာတ်ကားတွင် ချစ်ခြင်းမေတ္တာတရား၏ သဘောသဘာဝကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော အချစ်ဇာတ်ကားဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် ဒါရိုက်တာ Ringw ရိုက်ကူးပြီး အကြမ်းအရမ်းတွင် ပီပြင်စွာ သရုပ်ဆောင်နိုင်သော ဗန်ဒိမ်း ပါဝင်ထားသည့် Maximum Risk ဇာတ်ကား ရုံဝင်လာသည်။

တန်းမြင့်မြို့မရုပ်ရှင်ရုံတွင် Shatrughan Sinha, Akshay Kumar, Suniei Shetty, Parashrowal, Jackie Shroff တို့ပါဝင်သရုပ်ဆောင်ထားသည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား AAN ရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

"ကြိုးနှစ်စ" ဇာတ်ကားမှ ဒွေးနှင့်တင့်တင့်ထွန်းတို့၏ သရုပ်ဆောင်ဟန်။

လှို့ဝှက်သောနှင်း

"လှို့ဝှက်သောနှင်း" ဇာတ်ကားမှ လွင်မိုး၊ လူမင်းနှင့် စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်မှု။

အကယ်ဒမီပြိုးချိုကြီး ရုံတင်တော့မည်

ရန်ကုန် ဧပြီ ၂၁

ရဲကျော်သူရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသော **'အကယ်ဒမီပြိုးချိုကြီး'** ဇာတ်ကား သမ္မတ၊ မင်္ဂလာရုံများတွင် မကြာမီရုံဝင်လာတော့မည်ဖြစ်သည်။ ဤဇာတ်ကားတွင် မိုးဒီ၊ မော့စ်၊ဆုပန်ထွာ၊ ပပဝင်းခင်နှင့်စုမေတို့ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

မဟာသက္ကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးအဖွင့်မင်္ဂလာဓမ္မသဘင် အထူးတရားပွဲဖိတ်ကြားလွှာ

"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။"

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါအကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍ - ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသက္ကျမုနိရုပ်ပွားတော်မြတ်ကြီး၏ နှစ်ဦးအဖွင့် မင်္ဂလာဓမ္မသဘင်ကို တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D. Litt)	၁၃၆၇ ခု၊ တန်ခူးလပြည့်နေ့ စနေနေ့ (၂၃-၄-၂၀၀၅)
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၇ ခု၊ တန်ခူးလပြည့်ကျော် (၁)ရက် တနင်္ဂနွေနေ့ (၂၄-၄-၂၀၀၅)
ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တလုံးတောရ)	၁၃၆၇ ခု၊ တန်ခူးလပြည့်ကျော်(၂)ရက် တနင်္လာနေ့ (၂၅-၄-၂၀၀၅)
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၇ ခု၊ တန်ခူးလပြည့်ကျော်(၃)ရက် အင်္ဂါနေ့ (၂၆-၄-၂၀၀၅)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၇ ခု၊ တန်ခူးလပြည့်နေ့မှ တန်ခူးလပြည့်ကျော် (၃)ရက်နေ့ထိ

ကျင်းပမည့်နေရာ

မဟာသက္ကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်

ကျင်းပမည့်အချိန်

ညစဉ် (၇) နာရီ

၁၃၆၆ခုနှစ် မဟာသင်္ကြန်အကြိုနေ့ (ဧပြီ၁၃ရက်)က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက်၏ ပရဟိတရွှေရတု ရှင်သာမဏေ(၁၀၈)ပါး ရှင်ပြုပွဲအလှူတော်မင်္ဂလာ အခမ်းအနားတွင် ရှင်အပါး ၁၀၀၀ ဒါယကာ သုဓမ္မမဏိဇောတရေ ဦးတင်အောင်-ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း) နှင့် ပရဟိတကျောင်းသား (ရှင်လောင်း)များအား တွေ့ရစဉ်။

(မြို့နယ် ပြန်/ဆက်)

တရုတ်-မြန်မာပွဲ့ဖြိုးမှုဇုန်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ ဒုတိယဝန်ကြီး ဦးတင့်ဆွေ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ၂၀၀၅ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၀၀၅ ခုနှစ် မေ ၃ ရက်အထိ ကျင်းပမည့် တရုတ်-မြန်မာဖွံ့ဖြိုးမှုဇုန်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ၂၀၀၅ ခုနှစ် ဧပြီ ၂၁ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ ထွက်ခွာသွားသည်။

အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးတင့်ဆွေအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင် ရှစ်ဦးနှင့် ဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင် ခုနစ်ဦး စုစုပေါင်း အဖွဲ့ဝင် ၁၅ ဦး လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၅ (သောကြာနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်
၇:၀၅	ဧော်ဘာအစေးလိုးရာတွင် အရေးကြီးသည့်အချက်များ
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	ပြည်တွင်းသတင်း
၇:၂၅	အိုင်အိုဒင်းနှင့်ကျန်းမာရေး
၇:၃၀	ဂီတသံစဉ်အလှဆင်
၈:၅၀	လှျို့ဝှက်သောနှင်းတေးသံစဉ်နှင့်ပုံရိပ်များ
၈:၅၀	နိုင်ငံတကာသတင်း
၈:၅၅	မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့ အပိုင်း(၁)
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ပြည်တွင်းသတင်း
၉:၁၅	လက်ဆင့်ကမ်းဝေဂီတအမွေ
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	သံဂဟေအတတ်ပညာ အပိုင်း(၂)
၁၀:၀၅	နိုင်ငံတကာသတင်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	UEFA Stories Euro 1968
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	စားသုံးသူများ လိုအပ်ချက်ဖြည့်ဆည်းရန်သမဝါယမများက ဖြည့်ဆည်းစီမံ
၁၁:၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မဟာစည်နာယကဆရာတော် ဓမ္မဒူတခရီး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ ပဓာနနာယကနှင့် မဟာစည်နာယက ဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓ(မဟာကမ္မဋ္ဌာနာစရိယ)သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဧပြီ ၂၃ရက်တွင် ဓမ္မဒူတခရီးကြွရောက်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် တနင်္ဂနွေနေ့နှင့် နောက်ဆုံးပတ် တနင်္ဂနွေနေ့တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ခုနှစ် ဧပြီလအတွက်

နောက်ဆုံးပတ် တနင်္ဂနွေနေ့ (၂၄-၄-၂၀၀၅ရက်)နေ့

၂၀၀၅ခုနှစ် မေလအတွက်

(၈-၅-၂၀၀၅ရက်)နေ့နှင့်
(၂၉-၅-၂၀၀၅ရက်)နေ့

လင်းရောင်ခြည်စာကြည့်တိုက် သက်ကြီးပူဇော်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများအား ဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၂၁

ဆိပ်ဖြူမြို့နယ် ရွာသစ်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် (၅၅) နှစ်မြောက်အထိမ်းအမှတ်အဖြစ် သက်ကြီးပူဇော်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများအား ဧပြီ ၁၅ရက်က ရွာသစ်ကျေးရွာဆုတောင်းပြည့် ကျောင်းတိုက်၌ ကျင်းပပြုလုပ်သည်။

လက်အုပ်ချီကန်တော့

သက်ကြီးပူဇော်ပွဲတွင် ရွာသစ်ကျေးရွာအတွင်းရှိ အသက် ၇၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၅၂ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် လက်အုပ်ချီကန်တော့ကြသည်။ **(ယာပုံ)**

ဆုများချီးမြှင့်

စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများအား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစံထွေးမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် ဦးတန်ခူးလဆန်း၁၄ရက် (အဖိတ်နေ့)
၂၂-၄-၂၀၀၅(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀	၇။	အကပြိုင်ပွဲ
၈:၂၀	၈။	မအီချောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Every Day
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၄၀	၈။	မြန်မာစာ၊ မြန်မာစကား
၁၇:၅၅	၉။	တေးဂီတအစီအစဉ်
၁၈:၀၅	၁၀။	Discovery
၁၈:၁၀	၁၁။	သက်တံရောင်သံစဉ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောညီမ (အပိုင်း-၂၄)**
၁၉:၃၀	၁၅။	နှောင်းခေတ်တေးပဒေသာ
၁၉:၄၅	၁၆။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဝတ္ထုဆောင်းပါး၊ကဗျာ၊ တေးသီချင်းပြိုင်ပွဲ အကြောင်းသိကောင်းစရာ
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**မြန်မာဗီဒီယိုဇာတ်လမ်း အချစ်ရေကျေးဇူးပဲ(အပိုင်း-၂) ရန်အောင်၊ မျိုးသန္တာထွန်း၊ မေသက်နံ ဒါရိုက်တာ-မောင်နီလွင်(သပြု)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

အောင်ဆန်းမိုးကုတ်ရိပ်သာအထူးတရားစခန်းပွဲများ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦး ကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)တွင် အကြိမ် (၁၀၀) မြောက် ခုနစ်ရက်အထူးတရားစခန်းပွဲကို ဧပြီ၁ရက်မှ ၇ရက်အထိ ဖွင့်လှစ်ခဲ့ရာ ယောဂီ ၈၅၀ တရားစခန်းဝင်ရောက်ခဲ့ပြီး (၁၀၁) ကြိမ်မြောက် ခုနစ်ရက် အထူးတရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်ခဲ့ရာ ညအိပ်ယောဂီ ၁၆၀၀၊ နေ့ယောဂီ ၃၀၀ တရားစခန်း ဝင်ရောက်ခဲ့ကြသည်။

အထူးတရားစခန်းပွဲများကို နိုင်ငံတော်သြဝါဒါစရိယ ရွှာမ ပရိယတ္တိစာသင်တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနန္ဒဝံသက သြဝါဒစကား မိန့်ကြားဖွင့်လှစ်ပေးပြီး မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်နှင့် တပည့်ဘဒ္ဒန္တ ဓမ္မဓဇတို့က ပဋိစ္စသမုပ္ပာဒ် သစ္စာ တရားတော်များကို ဟောကြားပြသကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် ချေးငွေလုပ်ငန်းသင်တန်းဆင်းပွဲ

ရန်ကုန် ဧပြီ ၂၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန မြန်မာ့စီးပွားရေးဘဏ် ချေးငွေ လုပ်ငန်းများဆိုင်ရာ သင်တန်း (ကြီးကြပ်ဝန်ထမ်းများ) အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဓိကဝင်ငွေ

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားရာ၌ မြန်မာ့စီးပွားရေးဘဏ်၏ အဓိကဝင်ငွေရရှိမှုသည် ဘဏ်ချေးငွေ ထုတ်ချေးခြင်း လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းအောင်မြင် တိုးတက်စေရန် ချေးငွေလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေရသော ကြီးကြပ်ဝန်ထမ်းများသည် မိမိတို့ ထမ်းဆောင်နေရသည့် တာဝန်၏အရေးပါမှုကိုနားလည်သဘောပေါက်ရန် လိုကြောင်း၊ မိမိထုတ်ချေးမည့် Customer ၏ လုပ်ငန်းစွမ်းဆောင်ရည် အခြေအနေ၊ လုပ်ငန်းခိုင်မာမှု ရှိမရှိ၊ ပြန်ဆပ်နိုင်မည့် အခြေအနေ ရှိမရှိ စသည်များကို စိစစ်အကဲဖြတ်ရာတွင် အားနည်းခြင်း မရှိစေအောင် သေချာလေ့လာ စုံစမ်းကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

သုံးပတ်ကြာ

အဆိုပါ ချေးငွေလုပ်ငန်းများဆိုင်ရာ သင်တန်း(ကြီးကြပ်ဝန်ထမ်းများ) အမှတ်စဉ်(၁/၂၀၀၅) သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ၅၄ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၅ ခုနှစ်၊ တရားမကြီးမှု၊ အမှတ်-၁၁၉၂

၁။ ဦးခင်မောင်ဝင်း(ခ) အက်စ်ပီနာရဂမ်
၂။ ဦးခင်မောင်(ခ) ကရစ္စနား
(သျှရီကာလီမယ်တော်ဟိန္ဒူ ဘုရားကျောင်းဂေါပကအဖွဲ့)

နှင့်

၁။ ဦးကေအမ်မေတာ
၂။ ဦးအမ်ကေသာတာချာရ်ယာ
၃။ ဦးအမ်ကေအာရ်မွန်ဂမ်း(ခ) ဦးကျော်အောင်
၄။ ဦးဗွီသီရ်နက်ရောင်း
၅။ ဦးအက်စ်ကေဒါစ်ဂူလ်တာ
(သျှရီကာလီမယ်တော်ဟိန္ဒူ ဘုရားကျောင်းဂေါပကအဖွဲ့ဝင်များ)

တရားလို **တရားပြိုင်**

သက်ဆိုင်သူများသိစေလိုက်သည်-

အထက်အမည်ပါအမှုမှ တရားလို သျှရီကာလီမယ်တော်ဟိန္ဒူ ဘုရားကျောင်း ဂေါပကအဖွဲ့အတွက် ကိုယ်စားပြု၍ ဦးခင်မောင်ဝင်း(ခ)အက်စ်ပီနာရဂမ်ပါ ၂တို့က တရားပြိုင် ဦးကေအမ်မေတာပါ၅တို့အပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ-၉၂(၁)(စ)(ဇ)တို့အရ(၁)ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၁၆(စီ၃)၊ မြေကွက်အမှတ်-I 1.1 Postion to II.7မြေအမျိုးအစားနှင့် (၂)မြေတိုင်းရပ်ကွက် အမှတ် ၁၆(စီ၃)၊ မြေကွက်အမှတ်- I 1.1 II.H မြေအမျိုးအစား-အခွန်လွတ်ဂရန်၊ အကျယ်အဝန်း ပေ၁၅၀x ၁၉၆ပေ၆လက်မ x ပေ၁၀၀ x ၆၄ပေ x ၄၆ပေ ၆လက်မ အကျယ်အဝန်းရှိ မြေကွက်နှစ်ကွက်(လက်ရှိအခေါ်) ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် အမှတ် ၂ရပ်ကွက်၊အနော်ရထာလမ်း အမှတ် ၅၁၀/၅၁၄ ဟု ခေါ်တွင်သည့် အဆောက်အအုံတည်ရှိရာ(သျှရီကာလီမယ်တော်ဟိန္ဒူဘုရားကျောင်း)တည်ရာ မြေအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် သျှရီကာလီမယ်တော်ဟိန္ဒူဘုရားကျောင်း ဂေါပကအဖွဲ့ပိုင်ဟူသော စာသားအမည်ဖြင့် ဥပဒေနှင့်အညီ အမည်ပြောင်းလဲခွင့်နှင့် မြေပုံမြေရာဇဝင်ကူးယူခွင့်တို့ကို လျှောက်ထားလာပါသည်။ ယင်းအမှုကိုဆိုင်ဆိုကြားနာရန် ၂၀၀၅ ခုနှစ်ဧပြီလ၂၈ရက်နေ့သို့ ချိန်းဆိုထားပါသည်။ သျှရီကာလီမယ်တော်ဟိန္ဒူဘုရားကျောင်း ဂေါပကအဖွဲ့နှင့် သက်ဆိုင်သူမည်သူမဆို အဆိုပါအမှုတွင် အမှုသည်အဖြစ် ပါဝင်လိုပါကဆိုခဲ့သည့် ၂၀၀၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် လာရောက်လျှောက်ထားနိုင်ကြောင်း ဆင့်ဆိုလိုက်သည်။

၂၀၀၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ငွေ
တိုင်းတရားသူကြီး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်၊ သံလွင်ခြံနေ
ဦးတင်ရွှေ(ခရိုင်လက်ထောက်မန်နေဂျာ၊ မန္တလေး)-ဒေါ်ယဉ်ယဉ်ညွန့် တို့၏သား

မောင်သီဟထွန်း B.A (Geo)

နှင့်

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ အမှတ် ၆၅၊ ဇေယျာလမ်းနေ
ဦးတင်မျိုးလွင်-ဒေါ်တင်မာဆွေ (နဝရတ်ပဲခွဲစက်နှင့် ရတနာပဲခွဲစက်)
တို့၏သမီးကြီး

မသဉ္ဇာလွင်
B.Sc (Maths), M.Sc Part-2

တို့သည် ၂၀-၄-၂၀၀၅ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သီဟထွန်း-မသဉ္ဇာလွင်။



မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

ရန်ကုန် ဧပြီ ၂၁

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်၏(၇၆)ကြိမ်မြောက် ဒါန ဥပပါရမီ သွေးလှူဒါန်းပွဲကို ဧပြီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ သွေးလှူရှင်များသည် ဧပြီ ၂၃ရက်(စနေနေ့) နံနက် ၈နာရီတွင် မင်္ဂလာဗျူဟာအသင်းချုပ်သို့ ကြိုတင်စာရင်းပေးကြရန် နှိုးဆော်အသိပေးထားကြောင်း သိရသည်။ **(၃၅၂)**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်) (Salary in Kyats)
(Home Floral Decor Industries Co., Ltd.)

ကုန်ပစ္စည်းသစ်ဖန်တီးမှုအတွက် လက်မှုပညာကျွမ်းကျင် ဝန်ထမ်းများ အလိုရှိသည်။

(၁) ကြိမ်နှင့် ဝါးထည်လုပ်ငန်းကျွမ်းကျင် (2 Posts)
(၂) သစ်သားထည်ကျွမ်းကျင် (1 Posts)

- မိမိနှင့်သက်ဆိုင်သော လုပ်ငန်းအတွေ့အကြုံ ငါးနှစ်နှင့်အထက်ရှိရမည်။
- အသက်(၂၅)နှစ်နှင့်အထက်ရှိရပါမည်။
- အင်္ဂလိပ်စကားပြောဆိုနိုင်ပါက ပို၍သင့်တော်ပါသည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ လေဘာမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံသုံးပုံနှင့်တကွ အိမ်တွင်းပန်းအလှဆင် စက်မှုလုပ်ငန်းများ လီမိတက် အမှတ်(၂၁၂)၊ မြင်းဝန်ဦးအောင်သူလမ်း၊ လှိုင်သာယာ စက်မှုဇုန်(၂) လှိုင်သာယာမြို့နယ်သို့ ၂၅-၄-၂၀၀၅ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ပါ။ * **အင်တာဗျူးဖြေဆိုရမည့်သူများကို အကြောင်းကြားမည်ဖြစ်ပါသည်။**



ပိုင်းဝန်း ကာကွယ် မီးဘေး အန္တရာယ်

Asia Express Co.,Ltd.

တွင် တာဝန်ထမ်းဆောင်ရန်
(ကျပ်ငွေဖြင့်ပြည်တွင်း၌သာခန့်ထားရန်)

(၁)	Manager	(၅) ဦး
(၂)	F&B Manager&Wedding Hall Manager	(၄) ဦး
(၃)	Marketing Manager	(၂) ဦး
(၄)	Billards Hall/KTV Hall Manager	(၄) ဦး
(၅)	Engineer A.G.T.I (Civil)	(၅) ဦး
	A.G.T.I (Electrical)	(၅) ဦး
(၆)	Construction-Supervisor	(၁၀) ဦး
(၇)	Carpenter လက်သမား	(၂) ဦး
(၈)	Mason ပန်းရန်	(၃) ဦး
(၉)	Plumber ပိုက်ပြင်	(၃) ဦး
(၁၀)	Security လုံခြုံရေး	(၁၀) ဦး
(၁၁)	Waiter စားပွဲထိုး	(၅) ဦး
(၁၂)	House Keeping အိပ်ခန်းဆောင်ဝန်ထမ်း	(၅) ဦး
(၁၃)	Driver ယာဉ်မောင်း	(၅) ဦး
(၁၄)	Table-Staff ရုပ်ရည်သန့်ပြန့်	(၂၀) ဦး
(၁၅)	Receptionist ဧည့်ကြို	(၅) ဦး

လျှောက်ထားလိုသူသည် ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ လေဘာမိတ္တူ၊ ရဲစခန်းထောက်ခံစာနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။ Asia Plaza ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၈)လမ်းထောင့်၊ ရန်ကုန်မြို့။

မြစ်ကြီးနားမြို့ ပညာတံခွန်လမ်းနှင့်အေးချမ်းသာလမ်း ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

မြစ်ကြီးနား ဧပြီ ၁၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် ပညာတံခွန်လမ်းနှင့် အေးချမ်းသာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က အဆိုပါလမ်းသစ် မုခ်ဦးတွင် ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက ပညာတံခွန်လမ်းနှင့် အေးချမ်းသာလမ်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လမ်းသစ်ကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ချို၊ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်

အဆိုပါလမ်းများမှာ မူလမြေသားလမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းဖြစ်ကာ ပညာတံခွန်လမ်းအရှည် ပေ၁၁၀၀၊ အကျယ်၁၂ပေနှင့် အေးချမ်းသာလမ်း အရှည်ပေ ၇၀၀၊ အကျယ်၁၂ပေရှိပြီး ပညာတံခွန်လမ်းအတွက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကတ္တရာပုံးပိုးမှု တန်ဖိုးငွေကျပ်၇၀၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၇၀၀၀၀၀ထည့်ဝင်ပြီး ရပ်ကွက်ပြည်သူများမှ လှူဒါန်းငွေကျပ် ၂၆၈၂၇၄၀ဖြင့် စုစုပေါင်းငွေကျပ် ၄၀၈၂၇၄၀နှင့် အေးချမ်းသာလမ်းအတွက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကတ္တရာပုံးပိုးမှု တန်ဖိုးငွေကျပ် ၄၂၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကငွေကျပ် ၄၂၀၀၀၀ထည့်ဝင်ပြီး ရပ်ကွက်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၈၅၀၀၀၀ဖြင့် စုစုပေါင်းငွေကျပ် ၃၆၉၀၀၀၀ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

သံတွဲ ဧပြီ ၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ စီစဉ်မှုဖြင့် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ သံတွဲခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်တစ်သိန်း တန်ဖိုးရှိ စာအုပ် ၂၀၀၊ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စာအုပ်၁၁၈အုပ်၊ ဟိုတယ်လုပ်ငန်းရှင်များက ငွေကျပ်နှစ်သိန်းခွဲ တန်ဖိုးရှိ စာအုပ်၃၅၀၊ တီအမ်ပီစက်ရုံမှ ငွေ ကျပ်တစ်သိန်းတန်ဖိုးရှိစာအုပ်၂၀၀၊ မြို့နယ်အခြေခံပညာ ဦးစီးဌာနက ငွေကျပ်ငါးသောင်း တန်ဖိုးရှိ စာအုပ် ၁၀၀၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာအုပ် ၁၀၀၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ငွေကျပ် ငါးသောင်းတန်ဖိုးရှိ စာအုပ် ၁၀၀၊ ဦးအောင်နိုင်ဦး–ဒေါ်ဌေးဌေးခိုင်တို့က ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာအုပ် ၁၀၀၊ ပတ္တမြားနဂါးကုမ္ပဏီက ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိစာအုပ် ၅၀၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ အလှူရှင် ၂၉ ဦးတို့က ငွေကျပ်နှစ်သိန်း ခုနစ်သောင်း ခြောက်ထောင် ငါးရာ တန်ဖိုးရှိ စာအုပ်၁၂၀၄အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်ရွှေတို့က လက်ခံ ရယူကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ဖွင့်

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သံဖြူဇရပ်မြို့နယ် ပငကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပငဆားလုပ်ငန်းမှ ဆားပွင့်အားမာန်စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၇ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကြည်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မုံရွာမြို့ သာယာစုကျေးရွာ သာယာအလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်ကကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မြင်းခြံမြို့နယ် ကိုင်းတောင်ကျေးရွာ

ကျေးလက်ဆေးပေးခန်းဖွင့်

မြင်းခြံ ဧပြီ ၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် ကိုင်းတောင်ကျေးရွာ ကျေးလက် ဆေးပေးခန်း ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက်က အဆိုပါ ဆေးပေးခန်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ ခရိုင် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်လှနှင့် ကျေးရွာဥက္ကဋ္ဌ ဦးပေါ်တို့က ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ထို့နောက်ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မောင်မောင်လှက ဆေးပေးခန်းကို ကျေးရွာဥက္ကဋ္ဌ ဦးပေါ်နှင့် ကျေးရွာအသင်း စည်းရုံးရေးမှူး ဦးအေးနိုင်တို့ထံ လွှဲပြောင်းပေးအပ်သည်။

(၄၀၂)

ကျေးလက်ကျန်းမာရေးဌာန

စက်ရေတွင်းဖွင့်ပွဲ ဖျာပုံခရိုင် အမာမြို့၌ ကျင်းပ

ဖျာပုံ ဧပြီ ၂

ဖျာပုံခရိုင် အမာမြို့ နောက်မီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ရက် နံနက် ၉ နာရီက အဆိုပါ ကျေးလက်ကျန်းမာရေးဌာနတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်ကြီးဟိန်းသူအောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်နှင့် ကျေးရွာကျန်းမာရေးမှူး ဦးဇော်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မတည်လှူဒါန်း

အဆိုပါ စက်ရေတွင်းကို ရွာမကျောင်းဆရာတော်အား အမှူးထား၍ စိန်တိုးမြတ် မိသားစု၊ ဦးထွန်းရင်–ဒေါ်ထွေးရီမိသားစု၊ ဦးစိန်လှ–ဒေါ်တင်တင်ယဉ်မိသားစု၊ ဦးထွန်းကြိုင်–ဒေါ်ဘေဘီသောင်းမိသားစုနှင့် ဦးမြင့်အောင်–ဒေါ်သန်းသန်းအေး မိသားစုများက ငွေကျပ် ၂၅၀၀၀၀စီဖြင့် မတည်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘားအံမြို့နယ် အမှတ်(၄)ရပ်ကွက် ဘားမဲတောင်လမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ကတ္တရာလမ်းသစ် ဆောင်ရွက်ခြင်းကို မတ် ၂၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူးဦးစိန်ဝင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

နောင်ချို မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

နောင်ချို ဧပြီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အားမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းမောင်မြင့် (အရာခံဗိုလ်-ငြိမ်း)နှင့် မြို့နယ်စစ်မှုထမ်းဟောင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည် အစီရင်ခံစာကို ဦးသိန်းဦး (တပ်ကြပ်-ငြိမ်း)က ဖတ်ကြားပြီး အဖွဲ့ဘဏ္ဍာရေး ရှင်းတမ်း ကို ဦးတင်မြင့်က ရှင်းလင်းပြောကြားသည်။

အဆိုပါ မြို့နယ် စစ်မှုထမ်းဟောင်း မျက်နှာစုံညီ အစည်းအဝေးသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းမောင်မြင့် (အရာခံဗိုလ်-ငြိမ်း)နှင့် အဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(၂၄၂)**

လူထုအခြေပြု ရှေးဦးသူနာပြု ဆင့်ပွားသင်တန်းဖွင့်

သပိတ်ကျင်း ဧပြီ ၁၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်သူလူထုအခြေပြု ရှေးဦးသူနာပြု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၉နာရီက သပိတ်ကျင်းမြို့နယ် လိပ်ကျကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ကျော်ဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကြက်ခြေနီအသင်း စီမံချက်ညှိနှိုင်းရေးမှူး ဦးမြင့်ဦးက သင်တန်းစီမံချက် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပြည်သူလူထုအခြေပြု ရှေးဦးသူနာပြု ဆင့်ပွားသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့ အမှတ် (၁၀)ရပ် အေးစေတီရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲကို မတ်၁၃ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးပိုက်တင်တို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

လက်ပံတန်းမြို့တွင် ငါးမွေးကန်များ တူးဖော်မွေးမြူ

လက်ပံတန်း ဧပြီ ၃

သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးထွန်းဝင်းမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသည် မတ် ၉ရက်က လက်ပံတန်းမြို့နယ် ရေကြည်ကျေးရွာအုပ်စုရှိ ဦးမောင်မောင်ဌေး၏ ငါးမွေးကန်များ တူးဖော်မွေးမြူမှုကို ကွင်းဆင်းကြည့်ရှုကြသည်။

သာယာဝတီ ခရိုင်အနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်၌ ငါးမွေးကန်ဧရိယာ ၈၂၂၈ ဧကအထိ တိုးချဲ့မွေးမြူရန် လျာထားခဲ့ရာတွင် လက်ပံတန်းမြို့နယ်၌ စုစုပေါင်း ငါးမွေးကန် ၃၆၆၈ဧကအထိ တူးဖော်မွေးမြူပြီးဖြစ်၍ ခရိုင်၊ တိုင်း လျာထားသတ်မှတ်သည့် ဧကများ ပြည့်မီကျော်လွန်စေရေးအတွက် ငါးမွေးမြူနိုင်သည့် ဧရိယာများ ထပ်မံတိုးချဲ့ရှာဖွေပြီး လုပ်ငန်းရှင်များအား တိုးချဲ့စည်းရုံးမွေးမြူသွားရေး မှာကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် သထုံမြို့ ဘင်လိုင်ရပ်ကွက် ဗေသလ မူလတန်းကြိုကျောင်းတွင် ဒုတိယအကြိမ် မူကြိုအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက်က ကျင်းပရာ ဦးကိုကိုက ကျောင်းသားတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

အရန်မီးသတ် သင်တန်းဆင်း

ကြို့ပင်ကောက် ဧပြီ ၁၀

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သော အကြိုအခြေခံစစ်ပညာနှင့် မီးသတ်သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၂ ရက် နံနက်၉နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်ထွန်းတို့က သင်တန်းဆင်း အမှာစကား ပြောကြားကြပြီး သင်တန်းဆင်း လက်မှတ်များကို တပ်စုအလိုက် ချီးမြှင့်ပေးအပ်ကြသည်။ သင်တန်းသို့ သင်တန်းသား ၁၁၆ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ်၂၁ရက်က ဖျာပုံမြို့ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြူဟုတ် ခေါင်းဆောင်သော မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။ (၁၅၈)

ကျေးရွာချင်းဆက် တံတားဆောက်လုပ်

မိုင်းခတ် ဧပြီ ၉

မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် လမ်းတံတားများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်က ကျေးရွာချင်းဆက် မိုင်းခတ်-ဝမ်ခုတ် တံတားအသစ် ဆောက်လုပ်ရာသို့ မိုင်းခတ်မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးရဲမင်းအောင်တို့က လုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးခိုင်တင်-ဒေါ်ရင်ကြည်တို့အား ရည်စူး၍ သမီးအေးမြခိုင်နှင့် ခင်လှဖြူတို့ ဧပြီ ၁ ရက်က ရန်ကုန်မြို့ မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်း နာယက ဦးရဲမြင့်(ချမ်းသာစာပေ)ထံ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၅-၄-၂၀၀၅(တနင်္လာနေ့)

- ❑ **General Geology of Myanmar**
  -**B.Sc (Geology)** (ပ၊ဒု-နှစ်) ကျောင်းသား ကျောင်းသူများ
- ❑ **An Introduction to AUN**
  -ဘွဲ့ကြိုဝိဇ္ဇာသင်တန်းသားများ **ASEAN Quiz** ဖြေမည့် အထက်တန်းကျောင်းသား ကျောင်းသူများ

၂၆-၄-၂၀၀၅(အင်္ဂါနေ့)

- ❑ **Ecology, Biodiversity and Conservation of Endangered Orchids in Myanmar**
  -**Environmenal Science** ကျောင်းသား ကျောင်းသူများ

အများပြည်သူများ

- ❑ **An Introduction to Educational Psychology**
  -ဘီအီးဒီ (ပ-နှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၇-၄-၂၀၀၅(ဗုဒ္ဓဟူးနေ့)

- ❑ **Validity & Reliability**
  -ဘီအီးဒီ (ဒု-နှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- ❑ **Key Functions of Management**
  -ဘီအီးဒီ (ဒု-နှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၈-၄-၂၀၀၅(ကြာသပတေးနေ့)

- ❑ **The Home**
  -ဘီအီးဒီ (ပ-နှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- ❑ **General Methodology**
  -ဘီအီးဒီ (ဒု-နှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၉-၄-၂၀၀၅(သောကြာနေ့)

- ❑ မြန်မာစာ၊ မြန်မာစကား
  -မြန်မာစာမဟာဝိဇ္ဇာ၊ဘာသာစကားအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ **Pyu Civilization**
  -ဘွဲ့ကြိုသမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
  နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီထိ

၃၀-၄-၂၀၀၅(စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

ရန်ကုန်မြို့ အမှတ်-၁၅၁၊ ၃၂လမ်း (အလယ်) ပန်းဘဲတန်းမြို့နယ်မှ ရဟန်းဒါယိကာမကြီး ဒေါ်ကျင်ဆွေမိသားစုက ကွယ်လွန်သူ (ဦးတင်ဝမ်း) ရှစ်နှစ်ပြည့်အား ရည်စူး၍ သဒ္ဓမ္မရံသီစာသင်တိုက် သိမ်ဆောက်လုပ်ရန်အတွက် မတ် ၂၅ ရက်က အလှူငွေကျပ်၃၂၀၀၀၀ကို ဆရာတော် ဦးဝါသေ၌ထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဂုဏ်ပြုပူဇော်

နတ်တလင်း ဧပြီ ၁၀

နိုင်ငံတော်က မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုတာစာရ မထေရ်မြတ်အား သာသနနုဂ္ဂဟအဖွဲ့နှင့် မြို့ပေါ်ရှိ တပည့်ဒါယကာ ဒါယိကာမတို့က စုပေါင်း၍ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မတ် ၂၇ရက်က နတ်တလင်းမြို့ မဟာစည်သာသနာ့ ရိပ်သာကျောင်းတိုက်၌ ကျင်းပကြောင်း သိရသည်။ (ဝ၄ဝ)

အမှတ် ၁၈၊ ၂ လမ်း အောင်သိဒ္ဓိရိပ်သာ (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူး အောင်သန်း(ငြိမ်း)-ဒေါ်အမာ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်) က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကျုံပျော်မြို့တွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်မြေသားလမ်းဖွင့်

ကျုံပျော် ဧပြီ ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့နယ် မန်းစက္ကူ ကွင်းလျား၊ သာယာကုန်း၊ သစ်မသိ၊ မန်းကြာနှင့် အထောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၁ရက်နံနက် ၉နာရီက အဆိုပါလမ်း မင်္ဂလာမုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်က မြေသားလမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲအမှတ်တရ အလံကို ပေးအပ်သည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဒုတိယရဲမှူး ကံဌွေး၊ မြို့နယ်အတွင်းရေးမှူး ဦးဇာနည်အောင်နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှူးဆောင်အရာရှိ ဦးသန်းအေးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ မြေသားလမ်းသည်အရှည် ၇ မိုင်၊ အကျယ်ပေ ၂၀နှင့် အမြင့် ၃ပေရှိပြီးစုစုပေါင်းကုန်ကျငွေကျပ်၇၀၀၀၀၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကလောမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကလော ဧပြီ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ပင်မှီရွာမကျေးရွာတွင် ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၁၀နာရီက ပင်မှီကျေးရွာအုပ်စု ပင်မှီရွာမ ကျေးရွာနေ မြေအလှူရှင် ဒေါ်ချဲ၏မြေပေါ်တွင် ဆောက်လုပ်ထားရှိသော စာကြည့်တိုက် အဆောက်အအုံတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်သင်းသင်းမော်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးပြုံးချိုနှင့် ကျောင်းအုပ်ဆရာ ဦးစံလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မဂ္ဂဇင်းမျိုးစုံအုပ် ၅၀နှင့် ရုပ်မိရုပ်ဖများ၊ စာပေဝါသနာရှင်များက သုတရသ စာအုပ်မျိုးစုံ ၄၄၃ အုပ်ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့



မတ် ၃ ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်-ရန်ကုန်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံရှိ မြင်းစီးကျောက်ရုပ်၏ မြေခင်းအလှပြုပြင် ဆောင်ရွက်ခြင်းလုပ်ငန်းကို အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမှာစကားပြော

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ စီမံမှုအောက်ရှိ ဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား တာဝန်နှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများအား စနစ်တကျ ရှိစေရေးသင်တန်းကို ဧပြီ၁၀ ရက်က ရုံးချုပ်ရှိ အစည်း အဝေးခန်းမတွင်ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်စံက အမှာစကားပြောကြားစဉ်။ (၁၉၂)

ကျောင်းကုန်းမြို့နယ်၌ ဇာတိမာန်စာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားစက်နှင့် ရေဒီယိုကက်ဆက် လှူဒါန်း

ကျောင်းကုန်း ဧပြီ ၁၅

ဇာတိမာန်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၉ ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် လှည်းဆိပ် စံပြကျေးရွာ ရုံကူရွာတွင် ကျင်းပသည်။

ဖွင့်လှစ်ပေး

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ကျေးရွာနေပြည်သူများ ဗဟုသုတတိုးတက်မြင့်မားရေးတွင် အဓိကအင်အားဖြစ်သည့် ပြန်ကြားရေးကဏ္ဍ ထိရောက်စေရေးအတွက် ရုပ်မြင်သံကြားစက်တစ်လုံးနှင့် ရေဒီယိုကက်ဆက်တစ်လုံးပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

စာအုပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ကျေးရွာဖွံ့ဖြိုးရေးတွင် အဓိက အခန်းကဏ္ဍက ပါဝင်သည့် စာကြည့်တိုက်များ၏ စွမ်းပကားမြင့်မားမှုကို ဟောပြောပြီး စာကြည့်တိုက်အတွက် စာအုပ်များကိုပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၂၃-၄-၂၀၀၅
(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရှမ်းပြည်နယ်တောင်ပိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများ-အပိုင်း-၂)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)ငယ်စဉ်အခါပညာရှာ (ခေါင်းကြီး)
(၂)စုန်ချည်တစ်ခါ ဆန်ချည်တစ်လှည့် (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ်(ရန်ကုန်တိုင်းမှ ဖြူစင်သူ(ခ)စပါယ်ဖြူသိန်းနှင့် စစ်ကိုင်းတိုင်းမှ မင်းမင်းထွန်းတို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်(ကိုယ်အလေးချိန် လျှော့ချသည် ဆိုရာဝယ်)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော အဲလက်စ်၏ အချစ်နှင့်ကောင်းကင် တေးစီးရီး
၂၀း၃၀ English Lesson Working Knowledge
၂၀း၄၅ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို အဖွဲ့အသီးသီးက ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များထုတ်ပြန်

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ခဲ့ကြသည်။ အဆိုပါ အဖွဲ့အသီးသီး၏ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ထုတ်ပြန်ကြေညာချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ လုပ်ရပ်များမှာ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေးလုပ်ရပ်များဖြစ်၍ ယင်းတို့၏ လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ပြီး လုံးဝလက်မခံကြောင်း ကြေညာသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၀၅)ဖြင့် ပြည်ပြေး စဝ်ခမ်ဖနှင့်အဖွဲ့အား မတရားအသင်းကြေညာခြင်းကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က တစ်ခဲနက် ထောက်ခံသည်။

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူအများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကို အောင်အောင်မြင်မြင်ကျင်းပပြုလုပ်နေချိန်တွင် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏လုပ်ရပ်သည် ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရုံသာမက ပြည်သူအများလိုလားတောင့်တနေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကိုပါ ထိခိုက်ပျက်ပြားစေသည့် အဖျက်လုပ်ရပ်သက်သက်ဖြစ်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ယင်းလုပ်ရပ်ကို ပြင်းထန်စွာ ရှုတ်ချ၍ ဆန့်ကျင်ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်
၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

ကချင်အထူးဒေသ(၁) ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ပြည်ပရောက် ရှမ်းနိုင်ငံရေးသမားအချို့၏ ၂၀၀၅ခုနှစ် ဧပြီလ(၁၇)ရက်နေ့တွင် ရှမ်းပြည်လွတ်လပ်ရေး ကြေညာချက်နှင့်ပတ်သက်ပြီး မိမိတို့သဘောမတူ၊ ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုး အလွန်များပြားစွာနေထိုင်သော နိုင်ငံဖြစ်သည်ဖြစ်၍ ပြည်ထောင်စုကို ခွဲစိတ်ရန်ကြံရွယ်သော လှုပ်ရှားမှုမှန်သမျှနှင့် တိုင်းရင်းသားလူမျိုးတစ်မျိုး၏ ခွဲထွက်ရန်ကြံရွယ်သော လှုပ်ရှားမှုမှန်သမျှ မိမိတို့ဆန့်ကျင်သည်။

၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်ပုန်ကန်သော လက်နက်ကိုင်သောင်းကျန်းမှုမှ ဖြစ်ပေါ်သော စစ်ဘေးစစ်ဒဏ်များကြောင့် တိုင်းရင်းသားလူမျိုးအသီးသီး ပြည်သူများ အသက်အိုးအိမ်စည်းစိမ်ဥစ္စာပျက်စီးဆုံးရှုံးရသည်သာမက နိုင်ငံတော်သည်လည်း ကမ္ဘာ့အလယ်တွင် ခေတ်နောက်ကျ ကျန်နေရသည်ဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်ခြင်း၊ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးအသီးသီးခံယူရမည့် သမိုင်းပေးတာဝန်ကြီးဖြစ်သည်ဟူ၍ မိမိတို့ မမှိတ်မသုန် ယုံကြည်သည်။

၄။ ရှမ်းပြည်လွတ်လပ်ရေး ကြေညာချက်သည် တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်မှုကို ဖျက်ဆီးခြင်း ဖြစ်သည်။ အခြားတိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်ကြသော ရှမ်းတိုင်းရင်းသားပြည်သူလူထုအမြောက်အမြားကို ဘေးအန္တရာယ် ကျရောက်စေခြင်းဖြစ်သည်။ ပြည်ထောင်စုကို ဖြိုခွဲရေးကြံစည်မှုဖြစ်သည်။ ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ခြင်း ခံရမည်မှာ ဧကန်မုချဖြစ်သည်ဟူ၍ မိမိတို့ယုံကြည်သည်။

၅။ ထိပ်တိုက်ရင်ဆိုင်မှုနှင့် ခွဲထွက်ရေးကြံစည်မှုများကိုလည်းကောင်း၊ လက်နက်ကိုင် ပုန်ကန်မှုကိုလည်းကောင်း ချုပ်ငြိမ်းစေကြရမည်ဖြစ်သည်။ သို့မှသာလျှင် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ခိုင်မာသောအခြေခံအုတ်မြစ် ရရှိမည်။ ဤအခြေခံအုတ်မြစ်ရရှိရေးအတွက် ဝိုင်းဝန်းတည်ဆောက်ကြပါရန် တိုင်းရင်းသားလူမျိုးများအားလုံး၊ အဖွဲ့အစည်းများအားလုံးတို့ကို မိမိတို့ရိုးသားစွာ မေတ္တာရပ်ခံပါသည်။

ဦးစခုန်တိန့်ယိန်း
ဥက္ကဋ္ဌ
ကချင်အထူးဒေသ(၁)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ထုတ်ပြန်ကြေညာချက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏မူဝါဒအဖြစ် ခံယူ၍ ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များသည် ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်လုပ်ဆောင်သည့် အဖျက်လုပ်ရပ်သာဖြစ်သည်။

၂။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် မြန်မာတစ်နိုင်ငံလုံးရှိ မိခင်များနှင့်ကလေးများ၏ကျန်းမာရေး၊ ပညာရေးစသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့ကြီးဖြစ်သည်။ အသင်းဝင်(၄၁သိန်း ၃၈)သန်းကို ကိုယ်စားပြုသည့် မိမိတို့အသင်းကြီးအနေဖြင့် နိုင်ငံတော်၏မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်သည့် လုပ်ရပ်မှန်သမျှကို ဆန့်ကျင်ကြောင်းနှင့် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များကို လုံးဝလက်မခံကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
၂၀၀၅ခုနှစ်၊ ဧပြီလ(၂၁)ရက်

ပြည်ပြေးစဝ်ခမ်ဖဦးစီးအဖွဲ့မှ ရှမ်းပြည်နယ်နှင့်ပတ်သက်၍ ကြေညာချက်အား သဘောမတူကြောင်း ကြေညာချက်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၀)ရက်

၁။ ပြည်ပြေးစဝ်ခမ်ဖ ဦးစီးအဖွဲ့၏ ရှမ်းပြည်နယ်နှင့် ပတ်သက်သော တစ်ဖက်သတ်ကြေညာချက်ကြောင့် အောက်ပါပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်–

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နေချိန်မှာ နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးစေနိုင်ခြင်း၊

(ခ) ဒို့တာဝန်အရေး(၃)ပါးကို ထိခိုက်ဆုံးရှုံးစေနိုင်ခြင်း၊

(ဂ) အမျိုးသားညီလာခံကြီးကို ပျက်ပြားအောင်နှင့် ပြည်သူအပေါင်း၏ စိတ်အေးချမ်းမြေ့မှုကို ထိခိုက်စေနိုင်ခြင်း။

၂။ သို့ဖြစ်၍ ပြည်ပြေးစဝ်ခမ်ဖ ဦးစီးအဖွဲ့၏ ရှမ်းပြည်နယ်နှင့် စပ်လျဉ်းသည့် ကြေညာချက်အား ကန့်ကွက် ရှုတ်ချကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုင်းကျော်နိုင်(အတွင်းရေးမှူး)
ဥက္ကဋ္ဌ(ကိုယ်စား)
SSNA(ခွဲထွက်) မိုင်းယွန်း

စာမျက်နှာ (၈–၉)သို့

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏လုပ်ရပ်သည် ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရုံသာမက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကိုပါ ထိခိုက်ပျက်ပြားစေသည့် အဖျက်လုပ်ရပ်သက်သက်ဖြစ်